# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၇၃)




## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပရခြင်း၏ရည်ရွယ်ချက်များ

- ❒ ကမ္ဘာ့ဒေသအသီးသီးမှ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်၊
- ❒ ဗုဒ္ဓဘာသာ စာပေသင်ကြားရေးနှင့် ကျင့်သုံးရေး တို့ကို ထိန်းသိမ်းနိုင်ရန်၊
- ❒ ဗုဒ္ဓဘာသာကျမ်းဂန်များကို အခြေခံသော ဗုဒ္ဓဘာသာ ပညာရေးကို မြှင့်တင်ရန်၊
- ❒ ငြိမ်းချမ်းသော ကမ္ဘာလောက ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန်နှင့် ဗုဒ္ဓဘုရားရှင်၏ တရားစစ်တရားမှန်ကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင် ဆောင်ရွက်ရန်တို့ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. D.M.M. Ranaraja လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ သမိုင်းဝင်မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပခဲ့ ညီလာခံသို့ ထင်ရှားသောဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် နိုင်ငံခေါင်းဆောင်များတက်ရောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှ သဘောတူညီချက်များ ပူးတွဲကြေညာချက်ထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနကတာဝန်ယူကြီးမှူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ ■

**နိုင်ငံတော်ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
## အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

# မြန်မာတို့၏ စာပေယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်း စာဆိုတော်လတွင် သက်ကြီးစာပေပညာရှင်များကို ပူဇော်

သဇင်ပေါ်သော လနတ်တော်တွင် စာဆိုတော်ပွဲကျင်းပသည်။ နတ်တော်လသည် စာဆိုတော်ကြီးများကို ပူဇော်သောလဖြစ်သည်။ ရှေးယခင်က နတ်တော်လတွင် စာပြန်ပွဲများ ကျင်းပကြသည်။ ရှေးရိုးအစဉ်အလာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသောအနေဖြင့် စာဆိုတော်ပွဲများကို မျက်မှောက်ကာလ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

နတ်တော်လ စာဆိုတော်လတွင် စာပေဟောပြောပွဲ၊ စာပေပြိုင်ပွဲများ၊ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲနှင့် စာပေထူးချွန်သူများအား ဆုချီးမြှင့်ပွဲများကျင်းပ၍ ဆုများချီးမြှင့်ပေးအပ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၆ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အလှူငွေများတက်ရောက်လက်ခံပြီး အမှာစကားပြောကြားရာ၌–

**“မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ၁၂လရာသီတွင် လစဉ်လတိုင်း ပွဲတော်များ ကျင်းပခဲ့ကြကြောင်း၊ နတ်တော်လတွင် စာပြန်ပွဲများကျင်းပပြီး စာပေအရာ ထူးချွန်သူ ရဟန်းရှင် လူပုဂ္ဂိုလ်များကို ချီးမြှင့်ခဲ့တာတွေ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီး စာပေပြိုင်ပွဲများ၊ ကျပန်း စကားပြောပြိုင်ပွဲများ၊ သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲနှင့် စာပေထူးချွန်သူများကို ဆုချီးမြှင့်ပွဲများ ကျင်းပပြီး ယင်းယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အခါနှင့်အညီ ထိန်းသိမ်းလာခဲ့ကြကြောင်း”**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် စာပေယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်သည့်အနေဖြင့် စာပေအရာတွင် ထူးချွန်သောပုဂ္ဂိုလ်များကို အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားရေးဆောင်ပုဒ်ဆု၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဆုချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်က အမျိုးသားယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းပေးခြင်းလည်း ဖြစ်ပေသည်။ တစ်နည်းဆိုရသော် နိုင်ငံတော်ကချမှတ်ထားသော လူမှုရေးဦးတည်ချက် လေးရပ်တွင် ပါဝင်သည့် **“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** ဟူသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးခြင်းလည်း ဖြစ်သည်။

မြန်မာစာပေ အစဉ်မြင့်မားတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း အနယ်နယ်အရပ်ရပ်တွင် စာပေဟောပြောပွဲများ ကျင်းပပေးခြင်း၊ စာပေဖြန့်ဝေသည့် စာအုပ်ဈေးပွဲတော်များ ကျင်းပပေးခြင်းများအပြင် အသက် ၈၀ ကျော် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။

ယခုနှစ်တွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၁၀ ရှိသည်။ ထိုသက်ကြီး စာပေပညာရှင်များအတွက် စေတနာရှင်များက လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းသို့ လှူဒါန်းခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြစ်၍ ကုသိုလ်လည်းရသည့်အပြင် လွန်စွာကြည်နူးဝမ်းမြောက်ဖွယ်လည်း ကောင်းလှပေသည်။

အဘယ်ကြောင့်ဆိုသော် အသက် ၈၀ ကျော် သက်ကြီး စာပေပညာရှင်များသည် စာပေတာဝန် ကျေပွန်ခဲ့သူများဖြစ်ခြင်း၊ စာပေဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့သူများ ဖြစ်ခြင်းတို့ကြောင့် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များကလည်း စာပေအစဉ်အလာကောင်းများကိုထိန်းသိမ်းပြီး နှစ်စဉ် သက်ကြီး စာပေပညာရှင်များကို ဆက်လက်ပူဇော်ကန်တော့သွားကြရန် ဖြစ်သည်။ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များ စုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၃၃ သိန်း နှစ်သောင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာတို့၏ စာပေယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသောအားဖြင့် စာပေအစဉ်အလာ တာဝန်ကျေပွန်ခဲ့သော သက်ကြီး စာပေပညာရှင်များကို နှစ်စဉ်နှစ်တိုင်း စာဆိုတော်လတွင် အစဉ်အလာမပျက် ပူဇော်ကန်တော့ကြခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## တရုတ်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏ ယခုနှစ် ၁၁ လအတွင်း ဒေါ်လာတစ်ထရီလီယံကျော်လွန်

ပေကျင်း ဒီဇင်ဘာ ၁၀

**တရုတ်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ယခုနှစ်၏ ပထမ ၁၁ လအတွင်း ဒေါ်လာတစ်ထရီလီယံကျော်လွန်ခဲ့ကြောင်း တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးဌာနက ပေကျင်း၌ ကြာသပတေးနေ့၌ ပြောကြားသည်။**

ထိုကဲ့သို့ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏမြင့်မားခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး သမိုင်း မှတ်တိုင်တစ်ခုဖြစ်ကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

### မြင့်တက်

ဇန်နဝါရီလမှ နိုဝင်ဘာလထိ တရုတ်နိုင်ငံ၏ စုစုပေါင်းတင်သွင်းမှုနှင့် တင်ပို့မှုပမာဏသည် ဒေါ်လာ ၁ ဒသမ ၀၃၈ ထရီလီယံရှိခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၃၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တင်သွင်းမှုနှင့် တင်ပို့မှု နှစ်မျိုးစလုံးသည် ဒေါ်လာ ၅၀၀ ဘီလီယံကျော်လွန်ခဲ့ရာ ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၀ ဒသမ ၈၄ ဘီလီယံ ပိုငွေရှိခဲ့သည်။

### တတိယနေရာ

တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုပမာဏ၏ ကမ္ဘာ့အခန်းကဏ္ဍတွင် မြင့်တက်လျက်ရှိရာ ယခုနှစ်တွင် တတိယနေရာ၌ ရှိနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ချောင်ကွမ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




## တောင်တန်းဒေသရုပ်ရှင်ပွဲတော် နီပေါ၌ကျင်းပ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁၀**

တတိယအကြိမ်မြောက် ခတ္တမန္ဒူ နိုင်ငံတကာဆိုင်ရာ တောင်တန်းဒေသ ရုပ်ရှင်ပွဲတော် ၂၀၀၄ ကို နီပေါနိုင်ငံရှိ ရုရှားအနုပညာဌာန၌ ကြာသပတေးနေ့က စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တောင်တန်းဒေသများတွင် နေထိုင်သူများ၏ လူနေမှုဘဝပုံစံများကို ဖော်ညွှန်းထားသည့်ရုပ်ရှင်ကား ၄၉ ကားခန့်ကို လေးရက်ကြာ ပြသမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံတကာဆိုင်ရာ တောင်တန်းဒေသရုပ်ရှင်ပွဲတော် စီစဉ်ကျင်းပသူ ရမ်ယာတာလမ်ဘူက ပြောကြားကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

နိုင်ငံတကာဆိုင်ရာ တောင်တန်းဒေသရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ရုပ်ရှင်ကားများနှင့်ခရီးသွားလုပ်ငန်းများမှ ရုပ်ရှင်ကားများ ပါဝင်ပြသထားကြောင်း မစ္စတာလမ်ဘူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာလှည့်ခရီးသည်များ မလေးရှားသို့ လာရောက်မှု တိုးတက်

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၀

**မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုသည် ယခုနှစ် ပထမ ၁၀ လတာကာလတွင် ခရီးသည် ၁၃ ဒသမ ၀၇ သန်း ရောက်ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလကထက် ၆၁ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ကြောင်း မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး လီယိုမီချယ်တိုလတ်က ကြာသပတေးနေ့တွင် ပြောကြားသည်။**

ယခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁ ဒသမ ၃၅ သန်း လာရောက်လည်ပတ်ခဲ့ကြသည်။ ထို့ကြောင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ခရီးသည် ၉၉၄၈၅၈ ဦး လာရောက်ခဲ့မှုထက် ၃၆ ဒသမ ၇ရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။ ယခုနှစ် ဇန်နဝါရီလတွင်လည်း ခရီးသည်လာရောက်မှု ဆက်လက်တိုးတက်နေမည်ဖြစ်ရာ လွန်ခဲ့သည့် သုံးနှစ်ကထက် ပိုမိုများပြားမည်ဖြစ်ကြောင်း မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်ကို ကွာလာလမ်ပူမြို့၌ ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ခရီးသွားများလာရောက်မှု တိုးတက်များပြားလာခြင်းမှာ မလေးရှားနိုင်ငံသို့ နိုင်ငံတကာမှ အလည်လာရောက်လိုသူများ စိတ်ဝင်စားမှုများလာခြင်းကို ပြသကြောင်း အဆိုပါ ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



## မှတ်တမ်းတင် ဓာတ်ပုံရိုက်

ဒီဇင်ဘာ ၁၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာ ဂျာပက်(ခ်)စီနှင့်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်း-ရွှေဖုံး) **(သတင်းစဉ်)**

**ရွှေဖုံးမှ**

**အဆိုပါပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

### ပူးတွဲကြေညာချက်
### ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ
### ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက် မှ ၁၁ ရက်အထိ
### ရန်ကုန်မြို့
### ပြည်ထောင်စုမြန်မာနိုင်ငံတော်

သံဃာ့အစည်းအဝေးများကို မကြာခဏကျင်းပခြင်းသည် သာသနာတော်နှင့် သံဃအဖွဲ့၏ တိုးတက်ကြီးပွားရေးကို အထောက်အကူပြုကြောင်း၊ အပရိဟာနိယသုတ္တန်တွင် ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။ အစောဆုံး ဗုဒ္ဓဘာသာ အစည်းအဝေးများကို ဘီစီ၆ ရာစုကပင် ကျင်းပခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် အိန္ဒိယနိုင်ငံတွင် သံဃအဖွဲ့ညီလာခံနှစ်ရပ် ကျင်းပခဲ့ပါသည်။ ထိုညီလာခံများတွင် ဗုဒ္ဓဘုရားရှင်က တရားဒေသနာတော်ကို လှည့်လည်ဟောပြောကြရန် လမ်းညွှန်ဆုံးမခဲ့ပြီး သံဃအဖွဲ့အုပ်ချုပ်ရေးအတွက် ခေါင်းဆောင်များ ခန့်ထားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗုဒ္ဓသာသနာတော်ကို မူလဟောကြားခဲ့စဉ်ကအတိုင်း သန့်စင်စွာ ထိန်းသိမ်းနိုင်ရန် သင်္ဂါယနာတင်ပွဲများကို ကျင်းပခဲ့ပါသည်။ ကနဦး သင်္ဂါယနာသုံးတန်ကို ဗုဒ္ဓသာသနာတော်၏ ဇာတိမြေဖြစ်သည့် အိန္ဒိယနိုင်ငံတွင်ပင် ကျင်းပခဲ့ပါသည်။ ထိုသင်္ဂါယနာများအနက် နောက်ဆုံး သင်္ဂါယနာသို့မဟုတ် တတိယသင်္ဂါယနာတင်ပွဲက သာသနာတော်ကို ပြည်ပသို့ ပျံ့နှံ့စေခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံတွင် ကျင်းပခဲ့သော စတုတ္ထသင်္ဂါယနာသည် အိန္ဒိယနိုင်ငံပြင်ပတွင် ကျင်းပခဲ့သော ပထမဆုံး ဗုဒ္ဓဘာသာအစည်းအဝေးဖြစ်ပါမည်။ ပဉ္စမသင်္ဂါယနာတင်ပွဲကို မြန်မာနိုင်ငံ မန္တလေးမြို့တွင် ကျင်းပခဲ့ပါသည်။ ၁၉၅၆ခုနှစ်က ဤလိုဏ်ဂူတော်ကြီးတွင်ပင် ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် ပိဋကတ်သုံးပုံကို သန့်စင်တည်းဖြတ်ရာတွင် ထေရဝါဒနိုင်ငံအားလုံးမှ သံဃခေါင်းဆောင်များ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည့် ပထမဆုံးသော ဗုဒ္ဓဘာသာညီလာခံဖြစ်ပါသည်။ တရုတ်၊ ဂျပန်စသော မဟာယာနထွန်းကားရာ နိုင်ငံများမှ ဗုဒ္ဓဘာသာရဟန်းတော်တို့လည်း ထိုအရေးပါလှသော သင်္ဂါယနာပွဲသို့ တက်ရောက်ဆင်နွှဲခဲ့ပါသည်။ ၁၉၉၈ခုနှစ်က နီပေါနိုင်ငံ လုမ္ဗိနီတွင် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ (World Buddhist Summit)ကို ကျင်းပခဲ့ပါသည်။ ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်တို့တွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဒုတိယနှင့် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးကွန်ဖရင့်များ (Second and Third World Buddhist Propagation Conferences)ကို ကျင်းပခဲ့ပါသည်။

ဗုဒ္ဓသာသနာတော် မူလဟောကြားခဲ့စဉ်ကအတိုင်း နှစ်ပေါင်းတစ်ထောင်ကျော်အောင် ထွန်းကားစည်ပင်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကျင်းပခဲ့ပါသည်။ ဤအရေးပါသော ညီလာခံသို့ ထင်ရှားသော ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်များသည် ကမ္ဘာ့ဒေသအသီးသီးမှ ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာဝင်များ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်၊ ဗုဒ္ဓဘာသာစာပေသင်ကြားရေးနှင့်ကျင့်သုံးရေးတို့ကို ထိန်းသိမ်းနိုင်ရန်၊ ဗုဒ္ဓဘာသာကျမ်းဂန်များကို အခြေခံသော ဗုဒ္ဓဘာသာပညာရေးကိုမြှင့်တင်ရန်၊ ငြိမ်းချမ်းသောကမ္ဘာလောကပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန်နှင့် ဗုဒ္ဓဘုရားရှင်၏တရားစစ်တရားမှန်ကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ဤဦးတည်ချက်များအောင်မြင်စေရန် ဤသမိုင်းဝင်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတက်ရောက်ခဲ့ကြသော ကျွန်ုပ်တို့သည် အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်။

- ဗုဒ္ဓ၏တရားဒေသနာတော်ကို မူလကအတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားရန်ဆုံးဖြတ်ပါသည်။
- ဗုဒ္ဓ၏ တရားဒေသနာတော်ကို တိုးတက်ကြီးပွားပျံ့နှံ့စေရန် ကြိုးပမ်းသွားပါမည်။
- သမိုင်းဝင် သာသနိကအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မူလအခြေအနေရောက်အောင် ပြုပြင်ရန်ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓ၏မွန်မြတ်သော မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဟူသည့် တရားတော်ကို ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေးကိုဖော်ဆောင်ရန် ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓဘာသာဝင်တို့၏စည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ပြီး ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးတက်ကောင်းမွန်အောင်ကြိုးပမ်းသွားပါမည်။
- ခေတ်မီနည်းပညာများအသုံးပြု၍ ဗုဒ္ဓဘာသာပညာရေးတိုးတက်မြင့်မားအောင် ကြိုးပမ်းသွားပါမည်။
- အယူအဆများဆွေးနွေးဖလှယ်ရန်နှင့် အပြန်အလှန်နားလည်မှုတိုးတက်စေရန်အတွက် ဗုဒ္ဓဘာသာညီလာခံများကို မကြာခဏကျင်းပသွားရန် ကြိုးပမ်းသွားပါမည်။
- ကမ္ဘာ့လူသားများအား မျှဝေပေးခြင်းအားဖြင့် လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းတရားကိုပျံ့နှံ့အောင် ကြိုးပမ်းသွားပါမည်။
- ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များ ပိုမိုထိရောက်စွာပြန့်ပွားစေရန်အတွက် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာရိပ်သာများ တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်သည်ဟု ယုံကြည်ပါသည်။

**မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး**
**ကမ္ဘာအေး**
**ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**သာသနာနှစ် ၂၅၄၈**
**၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၂-၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ တံငါးတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”**(အပိုင်း-၅၁)
၁၂း၂၀ ၅။ ကပ်တဲလ်ကြိုးတံတား
၁၂း၃၀ ၆။ **“မဟာဗုဒ္ဓဝင်”**
၁၄း၀၀ ၇။ အကပြိုင်ပွဲ
၁၄း၁၅ ၈။ တေးဂီတအစီအစဉ်
၁၄း၃၀ ၉။ စလင်းရေလှောင်တမံ
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၃၀ ၇။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၄၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်”** (အပိုင်း-၄၀)
၁၉း၃၅ ၁၂။ တောင်းဆုပြည့်စုံမြတ်ဘုရားရွှေတိဂုံ(အပိုင်း-၅)
၁၃။ Islands of Dhamma
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ Tiger Cup ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်မလေးရှား)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”**(အပိုင်း-၁)
၁၉။ နောက်တစ်နေ့အစီအစဉ်

## သဲအင်းဂူနှစ်ရက်တရားစခန်းနှင့် ဩဝါဒစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တဓမ္မသာမိ(ကျောက်ပန်းတောင်း)နှင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ဝိုင်း သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တစိန္တာမယ အရှင်သူမြတ်နှစ်ပါးတို့က ဒီဇင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ တရားစခန်းဖွင့်လှစ်၍ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ ဆရာတော်ကြီးများ ဩဝါဒစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (စနေနေ့)နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းသွင်းနိုင်သည်။ ထာဝရအလှူရှင်များကြွရောက်ရန် ဖိတ်ကြားထားပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပိတ်သိမ်းခြင်း အခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားထားစဉ်။**

(သတင်းစဉ်)

*ကျောဖုံးမှ*

သက်တော် ဝါတော်ကြီးရင့်လျက်ရှိကြတဲ့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သံဃာတော် အရှင်မြတ်များနှင့် ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် သက်တော်၉၀ ကျော်ပြီဖြစ်သော်လဲ ညီလာခံကြီးကို အစမှအဆုံးထိ တက်ရောက်ချီးမြှင့်ခဲ့ကြတဲ့ သီရိလင်္ကာနိုင်ငံနှင့် လာအိုနိုင်ငံမှ သံဃရာဇာ ဆရာတော်ကြီး နှစ်ပါးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို–

- **ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားလာစေရန်၊**
- **ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊**
- **ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်၊**
- **ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်း အကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန်နှင့်**
- **ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန် ဟူသော ရည်ရွယ်ချက် ငါးရပ်ဖြင့် ဆင်နွှဲကျင်းပခဲ့ပါတယ်။**

ညီလာခံကြီးမှာ ဗုဒ္ဓဘာသာခေါင်းဆောင်များက မိန့်ခွန်းပြောကြားခြင်းနှင့် စာတမ်းများ ဖတ်ကြားခြင်းအပြင် အဖွဲ့လေးဖွဲ့ခွဲ၍လဲ သတ်မှတ်ထားတဲ့ **‘ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ၏ အရေးပါမှု’၊ ‘ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး’၊ ‘ဗုဒ္ဓဘာသာပညာရေး’** နဲ့ **‘ဗုဒ္ဓဘာသာဝိပဿနာ ကမ္မဋ္ဌာန်း’** ခေါင်းစဉ်များကို ကျေလည်စွာဆွေးနွေးတိုင်ပင် ညှိနှိုင်းခဲ့ကြကြောင်းလဲ သိရှိရပါတယ်။

တစ်နည်းအားဖြင့် ညီလာခံကြီးမှာ ဗုဒ္ဓဘုရားရှင်ရဲ့ တရားဒေသနာတော်များ သန့်ရှင်းစင်ကြယ်ရေး၊ တည်တံ့ခိုင်မြဲရေးနဲ့ ထွန်းကားပြန့်ပွားရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပြီး မော်ကွန်းဝင်ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပူးတွဲကြေညာချက်ထဲမှာ–

- **ဗုဒ္ဓသာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ကြဖို့၊**
- **သမိုင်းဝင် သာသနိက အဆောက်အအုံတွေကို စောင့်ရှောက်ထိန်းသိမ်းဖို့၊**
- **ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးကို တိုးမြှင့်ဖို့နဲ့**
- **ကမ္ဘာကြီးသာယာဝပြောရေးကို ဖော်ဆောင်ရာမှာ အထောက်အကူပြုဖို့၊ ဗုဒ္ဓရဲ့တရားတော်တွေကို ကမ္ဘာတစ်ဝန်းဖြန့်ချိဖို့ သဘောတူညီခဲ့ကြပါတယ်။**

ဒီလိုထူးထူးခြားခြား အောင်မြင်ခြင်းဟာလဲ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးအနေနဲ့ ဘုရားရှင်ရဲ့ အဆုံးအမများနှင့်အညီ သည်းခံခွင့်လွှတ်ခြင်း၊ ပျော့ပျောင်းနူးညံ့ခြင်း၊ မေတ္တာကရုဏာထားခြင်း၊ အကောင်းမြင်ခြင်းတို့ကို လက်ကိုင်ထားနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။

နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များစွာ ယခုကဲ့သို့ စုစည်းတွေ့ဆုံနိုင်ခြင်းကြောင့်လဲ ဗုဒ္ဓဘာသာဝင်အချင်းချင်း တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးသိရှိပြီး စည်းလုံးညီညွတ်မှုနဲ့ နားလည်မှုများရရှိကာ သာသနာတော်ထွန်းကားရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်တယ်လို့ မမိုတ်မသုန် ယုံကြည်မှာဖြစ်ပါတယ်။

ကြွရောက်လာကြတဲ့ မထေရ်မြတ်များနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များကလဲ မြတ်ဗုဒ္ဓရဲ့တရားတော်များ အကူအညီနဲ့ မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုရော မိမိအခြေပြုနေထိုင်ရာ နိုင်ငံကိုပါ တည်ငြိမ်အေးချမ်းမှုနဲ့ ဖြိုးမွှစိုရှိတရားထွန်းကားအောင် မေတ္တာအအေးဓာတ်ဖြင့် သည်းခံခွင့်လွှတ်မှုတို့ကို ဖော်ဆောင်နိုင်အောင် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ကြလိမ့်မယ်လို့ မျှော်လင့်အားထားပြီးဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမများဟာ လူသားတွေရဲ့ ပူလောင်စွာ ခံစားနေရတဲ့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများကို ကုစားနိုင်သကဲ့သို့ ကမ္ဘာပေါ်မှာ ကာယကံနှင့် ဝစီကံများယှဉ်ပြီး ဖြစ်ပေါ်နေတဲ့ အကြမ်းဖက် အနိုင်ကျင့်မှုတွေ၊ လက်နက်ကိုင် တိုက်ခိုက်နေကြတဲ့ စစ်ပွဲတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှုတွေ၊ ကြီးနိုင်ငယ်ညှဉ်းမှုတွေကိုလဲ အမှန်တကယ် လျှော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ ယခုအခါ အောင်မြင်ပြီးမြောက်စွာ နိဂုံးကမ္ပတ် အဆုံးသတ်တော့မှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေနဲ့ရော မြန်မာနိုင်ငံသားအားလုံးကပါ ဒီဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အစစအရာရာတာဝန်ယူပြီး အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရတဲ့အတွက် အလွန်ဝမ်းသာကြည်နူး ကုသိုလ်ပွားများရပါတယ်။ သံဃာတော်များ၊ လူကြီးမင်းများရဲ့ အားပေးထောက်ပံ့မှုနဲ့ နားလည်ပူးပေါင်းမှုအပြင် သည်းခံခွင့်လွှတ်နိုင်မှုများကြောင့် ညီလာခံကြီးအောင်မြင်ခဲ့တာဖြစ်ကြောင်း ထပ်လောင်းတင်ပြပါရစေ။ ညီလာခံကြီးကို တက်ရောက်လာခဲ့ကြတဲ့ နိုင်ငံ့ခေါင်းဆောင် များ၊ ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အထူးသဖြင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ လူလေစရန်တို့ကိုလည်းကောင်း၊ အချိန်မီ ကြွရောက်ချီးမြှင့်လျက်ရှိတဲ့ သီရိလင်္ကာနိုင်ငံမှ အဆွေတော်ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီ ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါ တယ်။

ညီလာခံကြီးကို ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်နိုင်သော်လဲ ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်တွေရဲ့ စိတ်ဓာတ်ရေးရာအားပေးမှုများလဲ ညီလာခံကြီးအတွက် အဖိုးမဖြတ်နိုင်တဲ့ ထောက်ပံ့ကူညီမှုများပဲ ဖြစ်ပါတယ်။

ညီလာခံကြီး အစ အလယ် အဆုံး အောင်မြင်သည်အထိ တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ ဆရာတော်သံဃာတော်များကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအပါအဝင် နိုင်ငံ့ဝန်ထမ်းအဖွဲ့အားလုံးကိုလည်းကောင်း ဂုဏ်ပြုကျေးဇူးတင်ပါတယ်၊ သာဓုလဲခေါ်ပါတယ်၊ အစစအရာရာ ပင်ပန်းနွမ်းနယ်မှုကို သည်းခံပြီး စောင့်ရှောက်ကူညီခဲ့တဲ့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရကိုလဲ ကျေးဇူးအထူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါတယ်။

- **ညီလာခံကြီးကို ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေ၊**
- **သဗ္ဗညုမြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော် နေလို လလို ထွန်းလင်းတောက်ပပြီး အဓွန့်ရှည်တည်တံ့ပါစေ၊**
- **ကမ္ဘာတစ်ဝန်း အေးချမ်းသာယာမှု၊ တရားမျှတမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။ ။**

# ဗုဒ္ဓဘာသာနှင့် မြန်မာပြည်

* ရေး - ဂီတစာဆို ဟသ်ာတမြင့်ငွေ

* ဆို - စိုးစန္ဒာထွန်း

* မင်္ဂလာအတိနဲ့ ပြီးပြည့်စုံသော
တက်နေအတိကျက်သရေရှိ ကြီးကျယ်ခမ်းနားထည်ဝါ
ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို
ကြည်နူးစွာလေ့လာရင်းနဲ့ ရှုခင်းအစုံစုံ
အာရုံခံစားရင်းလာလည်စေချင်သည်
အရှေ့တောင်အာရှက သာယာလှပသော
ရိုးသားဖြူစင်သော သဒ္ဓါတရားထက်သန်သော
ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားစည်ပင်ရာ
ဗုဒ္ဓဘာသာနှင့် မြန်မာပြည်
ရွှေမြန်မာပြည် ရွှေနိုင်ငံ ရွှေမြန်မာပြည်

** မြို့တော်ရန်ကုန်မှာ လေးဆူဓာတ်ပုံ
ရွှေတိဂုံကို ဖူးမြော်နိုင်သည်
မန္တလေးမဟာမုနိ ဖူးမြော်နိုင်ပါသည်
ပုဂံရွှေစည်းခုံနှင့် ပုဂံဘုရားပေါင်းစုံ ဖူးမြော်နိုင်ပါသည်
မော်ရှမ်းမြေမှာ ပင်းတယဂူနှင့်
အင်းလေးဖောင်တော်ဦး စုံအောင်ဖူးနိုင်ပါသည်
မွန်ပြည်နယ်မှာ ကျိုက်ထီးရိုးစေတီ
ရခိုင်ပြည်နယ်မှာ ရှစ်သောင်း ပုထိုးတော်ကြီး
မြန်မာတစ်ပြည်လုံး လက်ညှိုးထိုးလို့မလွဲအောင်
စေတီပုထိုး ကျောင်းကန်ဘုရားတွေ ရေတွက်မကုန်နိုင်
ဖွံ့ဖြိုးဝေစည် ဗုဒ္ဓဘာသာနှင့်မြန်မာပြည်
ဗုဒ္ဓရဲ့တရားအနှစ်ဖြင့် ကမ္ဘာ့လူသားများအတွက်
ငြိမ်းချမ်းခြင်းမေတ္တာ ပေးဝေမည်
ထေရဝါဒ မဟာယာန ဗုဒ္ဓဘာသာပူးပေါင်းလက်တွဲ
သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲတော့သည် ရွှေမြန်မာပြည်

*** မြတ်ဘုရားဒေသနာတော်တွေကို
အမွေခံထိုက်သူတွေ စုံစုံညီ
ဗုဒ္ဓရဲ့အဆုံးအမကို အကြွင်းမဲ့သက်ဝင်ယုံကြည်
ဗုဒ္ဓဘာသာနှင့်မြန်မာပြည်
ရွှေမြန်မာပြည် ရွှေနိုင်ငံ ရွှေမြန်မာပြည်…
(ဗုဒ္ဓသာသနံစိရံတိဋ္ဌတု)[၃] ပါဘုရား…

“ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဂုဏ်ပြုသည့် ဗုဒ္ဓပူဇာတေး”



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နီပေါနိုင်ငံယဉ်ကျေးမှု၊ခရီးသွားနှင့်လေကြောင်းဝန်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် ရောက်ရှိနေသော နီပေါနိုင်ငံ ယဉ်ကျေးမှု၊ခရီးသွားနှင့်လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Deep Kumar Upadhayaya အား ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့်လေကြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dilip Kumar Paudel လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# ထေရဝါဒ၊ မဟာယာန၊ ဝဇီရာယာနမခွဲခြားဘဲ ဗုဒ္ဓဘာသာဝင်များစည်းလုံးညီညွတ်ရေးအခြေခံဖြင့်ကျင်းပခဲ့ သမိုင်းဝင်အခမ်းအနားကြီးတွင် မိန့်ခွန်းပြောသူများ၊ ဆွေးနွေးသူများ စိတ်အားထက်သန်စွာ တက်ရောက်ခဲ့လို့အောင်မြင်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် မြွက်ကြားတော်မူသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ၏ နိဂုံးချုပ်ဩဝါဒကထာ-

**သံဃာရာဇာများ၊ မထေရ်မြတ်များ၊ ဂုဏ်သရေရှိဧည့်သည်တော်များ၊ ဓမ္မမိတ်ဆွေများ၊ လူကြီးမင်းများ-**

မကြာမီအချိန်အတွင်းမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ညီလာခံကြီး အောင်မြင်ရေးအတွက် မြန်မာနိုင်ငံတော်အစိုးရနဲ့ ပြည်သူများဟာ ငွေအား၊ လူအား မခိုမကပ်ဘဲ လုပ်ဆောင်ခဲ့ပါတယ်။ အထိုက်အလျောက်လဲ အောင်မြင်ခဲ့တယ်လို့ ယူဆပါတယ်။ သူတို့ ဘယ်လောက် ကြိုးပမ်းအားထုတ်ကြပေမယ့် တက်ရောက်သူမရှိရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီသမိုင်းဝင် အခမ်းအနားကြီးမှာ မိန့်ခွန်းပြောသူများ၊ ဆွေးနွေးပွဲတက်ရောက်သူများ၊ ဆွေးနွေးသူများအဖြစ် လူကြီးမင်းတို့ တက်ရောက်ပြီး စိတ်အားထက်သန်စွာ ပါဝင်တက်ရောက်ခဲ့ကြလို့ ဒီညီလာခံကြီး ခမ်းနားသိုက်မြိုက်စွာ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီအောင်မြင်မှုဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်သူများနဲ့တကွ ညီလာခံတက်ရောက်ကြသူများကြောင့် ဖြစ်ပါတယ်။

ထေရဝါဒ၊ မဟာယာန၊ ဝဇီရာယာနလို့ မခွဲခြားဘဲ ဗုဒ္ဓဘာသာဝင်တွေရဲ့ စည်းလုံးညီညွတ်ရေးဆိုတဲ့ အခြေခံနဲ့ ဒီညီလာခံကြီးကို ကျင်းပတာဖြစ်ပါတယ်။ နိုင်ငံပေါင်း ၃၅နိုင်ငံက ကိုယ်စားလှယ်တွေကို ဖိတ်ကြားခဲ့ပါတယ်။ မှတ်တမ်းအနေနဲ့ ဒီနိုင်ငံတွေရဲ့ အမည်တွေကို အက္ခရာစဉ်အတိုင်း ဖော်ပြလိုပါတယ်။

ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ချက်သမ္မတနိုင်ငံ၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အစ္စရေး၊ အီတလီ၊ ဂျမေကာ၊ ဂျပန်၊ တောင်ကိုရီးယား၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မက္ကဆီကို၊ နီပေါ၊ နယ်သာလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဗင်နီဇွဲလား၊ ဗီယက်နမ်နဲ့ မြန်မာတို့ဖြစ်ပါတယ်။

ဒီစာရင်းကိုကြည့်ရင် နိုင်ငံ တော်တော်များများက ကိုယ်စားလှယ်တွေကို ဗုဒ္ဓဘာသာထိပ်သီးညီလာခံ တက်ရောက်ဖို့ ဖိတ်ကြားခဲ့ပြီး အားလုံးစိတ်ကောင်းစေတနာကောင်းနဲ့ တက်ရောက်ခဲ့ကြတယ်ဆိုတာ သတိပြုမိကြမှာပါ။ ပူးတွဲကမကထပြုမယ့် အဖွဲ့အစည်းက ညီလာခံကျင်းပရေးကို ကျောခိုင်းသွားခဲ့တာကို ထည့်သွင်းစဉ်းစားရင် မြန်မာအစိုးရနဲ့ ပြည်သူတွေ အထူးအောင်မြင်ခဲ့တယ်လို့ ပြောရပါမယ်။

အမှန်အတိုင်းပြောရမယ်ဆိုရင် ထေရဝါဒ၊ မဟာယာန၊ ဝဇီရာယာနဆိုတဲ့ နာမည်ပညတ်ချက်တွေမပါဘဲ ဗုဒ္ဓဘာသာဝင်အားလုံး တစ်ဖွဲ့တည်းဖြစ်လာဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဂိုဏ်းအားလုံးနဲ့ သက်ဆိုင်တဲ့ ဗုဒ္ဓရဲ့တရားတော်တွေရှိပြီးတော့ ဒီတရားတော်တွေကို ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်တွေအဖြစ် ဗုဒ္ဓဘာသာဝင်အားလုံးက လက်ခံကောင်း လက်ခံနိုင်ကြမှာပါ။ ဒီတရားတော်တွေကို ဦးတည်ပြီး မိမိတို့နိုင်ငံတွေမှာရော၊ ပြည်ပနိုင်ငံများမှာပါ ကမ္ဘာတစ်ဝန်း ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်ကြရမှာပါ။ သစ္စာလေးပါးတရားတော်ကို သာဓကပြလိုပါတယ်။ ဒီတရားတော်ကို မြတ်ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက ယုံကြည်လက်ခံထားကြပါတယ်။ ဒါကြောင့် ဒီတရားတော်ကို ကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင် ဟောကြားကြဖို့အတွက် မိမိတို့ပူးပေါင်း ဆောင်ရွက်နိုင်ကြမှာပါ။ သစ္စာလေးပါးထဲက တစ်ပါးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကလဲ အရေးပါတဲ့ တရားတော်ဖြစ်လို့ မိမိတို့ကိုယ်တိုင် အရင်ကျင့်ကြံပြီး ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာဖြစ်ပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားတော်တွေကလဲ ဗုဒ္ဓဘာသာဝင်အားလုံးလက်ခံတဲ့ တရားတော်တွေဖြစ်ပါတယ်။ မိမိတို့အားလုံး သဘောတူလက်ခံကြလို့ ဒီတရားတော်တွေကိုလဲဟောကြားနိုင်ကြမှာဖြစ်ပါတယ်။ ပိုးမွှားလေးတွေအထိ ခြွင်းချက်မထားဘဲ မေတ္တာကရုဏာထားဖို့ဆိုတဲ့ မေတ္တာတရားတော်ဟာလဲ မြတ်ဗုဒ္ဓရဲ့ ထင်ရှားတဲ့ တရားတော်ဖြစ်ပြီး မိမိတို့ ကမ္ဘာတစ်ဝန်း ဟောကြားနိုင်ကြမှာ၊ ဟောကြားကြမှာဖြစ်ပါတယ်။ အရင်ဆုံး မိမိတို့ကိုယ်တိုင်ကျင့်သုံးပြီးမှ ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာပါ။ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံတဲ့ တခြားတရားတော်တွေလဲရှိပါတယ်။ အဲဒီတရားတော်တွေကိုလဲ ဟောကြားဖို့ ကြိုးစားကြရမှာပါ။ အားလုံးနဲ့သက်ဆိုင်တဲ့ တရားတော်တွေဖြစ်တဲ့ ဗုဒ္ဓဘာသာတရားတော်တွေနဲ့ ကမ္ဘာလောကကြီးကို ငြိမ်းချမ်းရေးနဲ့ သဟဇာတရှိမှုထွန်းကားတဲ့ နေရာတစ်ခုအဖြစ် ဖန်တီးနိုင်မှာဖြစ်ပါတယ်။ လူသားတွေ စိုးရိမ်ပူပန်မှုမရှိဘဲ နေထိုင်နိုင်ကြမှာပါ။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာပိတ်သိမ်းခြင်းအခမ်းအနားတွင် နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။** (သတင်းစဉ်)

ကမ္ဘာ့လူသားတွေကို ပညာပေးဖို့နဲ့ပတ်သက်ပြီး သီရိလင်္ကာ၊ ထိုင်း၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနဲ့ လာအိုတို့မှာ ထွန်းကားတည်ရှိနေတဲ့ ဗုဒ္ဓဘာသာကို ရည်ညွှန်းရာမှာ ဟီနယာနဆိုတဲ့ အသုံးကို စွန့်လွှတ်ဖို့ ၁၉၅၀ ပြည့်နှစ်က ကိုလံဘိုမြို့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ဗုဒ္ဓဘာသာဝင်များ ညီလာခံ (First Fellowship of Buddhists)မှာ အားလုံးသဘောတူဆုံးဖြတ်ခဲ့တယ်ဆိုတာကို ပြောဖို့လိုပါတယ်။ ဟီနယာနလို့ ရည်ညွှန်းခံရသူတွေဟာ မဟာယာန၊ ဝဇီရာယာနတို့ထက် ယုတ်ညံ့နိမ့်ကျတယ်လို့ ဟီနယာနဆိုတဲ့ ဝေါဟာရကို သုံးစွဲသူက ယူဆတဲ့သဘော သက်ရောက်တဲ့အတွက် ဟီနယာနဆိုတဲ့ အသုံးကို လုံးဝစွန့်လွှတ်သင့်တယ်လို့ ထပ်လောင်းပြောကြားလိုပါတယ်။ အခုခေတ်မှာ မိမိကိုယ်တိုင်မှတစ်ပါး တခြားသူတွေကို နိမ့်ကျတယ်လို့ ရည်ညွှန်းတာဟာ ယဉ်ကျေးတဲ့အပြုအမူမဟုတ်ပါဘူး။ ဒါ့အပြင် ဗုဒ္ဓဘာသာဝင်တွေ စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး ဒီဟီနယာနဆိုတဲ့ အသုံးကို ကျွန်ုပ်တို့ရဲ့ မိန့်ခွန်း၊ စာအုပ် စတာတွေထဲမှာ လုံးဝရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။

နောက်တစ်ချက်ပြောလိုတာကတော့ စီးပွားရေးကုမ္ပဏီတွေက ရောင်းအားတိုးမြှင့်ဖို့ ကုန်ပစ္စည်းတွေမှာ ဗုဒ္ဓရုပ်ပွားတော်နဲ့ ဗုဒ္ဓဘာသာ သင်္ကေတတွေကို သုံးစွဲနေကြတာဖြစ်ပါတယ်။ သူတို့ရဲ့ ကုန်ပစ္စည်းတွေကို ကြော်ငြာရာမှာ ဗုဒ္ဓဘာသာဝင်တွေကို မထိပါးဖို့နဲ့ မိမိတို့ အထွတ်အမြတ်ထားတဲ့ အရာဝတ္ထုတွေကို မရိုမသေအသုံးမပြုဖို့ ရိုင်းစိုင်းကြမ်းတမ်းမှုမပါဘဲ သူတို့ကို ပြောကြားရမှာဖြစ်ပါတယ်။

အလုပ်လုပ်ရာမှာ လွယ်ကူချောမွေ့စေနိုင်တဲ့ အင်တာနက်ကို အသုံးပြုခွင့်ပေးတဲ့အတွက် မြန်မာနိုင်ငံအစိုးရကို ကျေးဇူးတင်ပါတယ်။ အင်တာနက်မပါဘဲ ညီလာခံကို ချောမွေ့စွာကျင်းပနိုင်မှာမဟုတ်ပါ။ အနာဂတ် ကမ္ဘာတစ်ဝန်း ဗုဒ္ဓသာသနာတော်ပြန့်ပွားရေး ဆောင်ရွက်ရာမှာလည်း အစိုးရက အင်တာနက် အသုံးပြုခွင့်ပေးမယ်လို့မျှော်လင့်ပါတယ်။ ဒီကနေ့ တရုတ်(တိုင်ပေ)နဲ့ အမေရိကက ကျောင်းသားတွေကို ပါတိမောက်နဲ့ပတ်သက်လို့ တယ်လီဖုန်းပြောဖြစ်ပါတယ်။ ကျွန်ုပ်နေထိုင်တဲ့ ကာလီဖိုးနီးယားက Half Moon Bayမှာ ကွန်ပျူတာတွေနဲ့ ဆက်သွယ်ထားတဲ့ တယ်လီဖုန်း လုံလုံလောက်လောက်မရှိလို့ တယ်လီဖုန်းနဲ့ပဲ ပြောဖြစ်တာပါ။ ဒါပေမယ့် ကျောင်းသားတွေက ကွန်ပျူတာတွေကနေ နားထောင်ကြပါတယ်။ ကျွန်ုပ်ရဲ့အသံကို အလွန်ကြည်လင်ပြတ်သားစွာ ကြားကြရတယ်လို့ ပြောကြပါတယ်။ ဘယ်ကိုမှ ကိုယ်တိုင်သွားစရာမလိုဘဲ နားထောင်သူအများအပြားကို အင်တာနက်ကနေ ဒီလိုဆက်သွယ်နိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောကြားလိုတာကတော့ မြန်မာအစိုးရနဲ့ ပြည်သူတွေက ဧည့်သည်တော်များ ပုဂံနဲ့ မန္တလေးကို ဘုရားဖူးသွားရောက်နိုင်ကြဖို့ စီစဉ်ထားတယ်လို့ သိရကြောင်းပဲ ဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနနဲ့ ဘာသာရေးရှုထောင့်တွေအရ စိတ်ဝင်စားစရာကောင်းတာတွေ တွေ့ကြရမှာဖြစ်ပါတယ်။ လူတွေရဲ့ဘာသာရေးကို လေ့လာရာမှာ သူတို့ရဲ့ယဉ်ကျေးမှုကို အနည်းငယ်ပဲဖြစ်ဖြစ် သိတာကောင်းပါတယ်။ အများကြီး တွေ့ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပုဂံကိုသွားရင် ကျောက်စာနှစ်ချပ်ကို မဖြစ်မနေ ကြည့်ကြပါလို့ ပြောလိုပါတယ်။ တစ်ချပ်က ရာဇကုမာရ၊ သို့မဟုတ် မြစေတီကျောက်စာလို့ခေါ်ပါတယ်။ အီဂျစ်ရှေးဟောင်းသုတေသန နယ်ပယ်မှာလဲ အလားတူကျောက်စာတစ်ချပ်ရှိပါတယ်။ Rosetta Stone လို့ခေါ်တဲ့ ကျောက်စာကို သိကြမှာပါ။ ဘာသာစကားသုံးမျိုးနဲ့ ရေးထိုးထားပြီး အဲဒီကျောက်စာကို အခြေခံပြီးမှ အီဂျစ်ဘာသာစကားက အရုပ်စာတွေကို ပညာရှင်တွေ အဓိပ္ပာယ်ဖွင့်နိုင်ခဲ့ကြတာပါ။ အလားတူပဲ ရာဇကုမာရကျောက်စာဟာလဲ ပါဠိ၊ ပျူ၊ မွန်၊ မြန်မာဘာသာစကားတွေနဲ့ လေးမျက်နှာ ရေးထိုးထားတဲ့ ကျောက်စာဖြစ်ပါတယ်။ မြန်မာလူမျိုးတွေ ပျူဘာသာစကားကို အထိုက်အလျောက် အဓိပ္ပာယ်ဖွင့်နိုင်ခဲ့တာ ဒီကျောက်စာကြောင့်ပဲ ဖြစ်ပါတယ်။ ရေးထိုးထားတဲ့ အကြောင်းအရာကတော့ ကျန်စစ်သားမင်းကြီး အသည်းအသန်ဖြစ်နေချိန်မှာ သားတော်က မင်းကြီးပျံလွန်တော်မမူခင် မင်းကြီးအတွက် ရည်စူးပြီး ဗုဒ္ဓဆင်းတုတော်တစ်ဆူ လှူလိုတဲ့အကြောင်းပါ။

နောက် ကျောက်စာတစ်ချပ်ကတော့ ပုဂံ ရွှေဂူကြီးဘုရားက ရွှေဂူကြီးကျောက်စာဖြစ်ပါတယ်။ ဘုရားအတွင်းနံရံ တစ်ဖက်တစ်ချက်စီမှာ ကျောက်စာနှစ်ချပ်ရှိပါတယ်။ ဘုရားဒကာဖြစ်တဲ့ အလောင်းစည်သူမင်းကြီးက တည်ထားခဲ့တာပါ။ သံသရာမှာ ကျင်လည်နေကြတဲ့ သတ္တဝါအားလုံးအပေါ်ထားရှိတဲ့ သူ့ရဲ့ ကရုဏာတရားနဲ့ ဘုရားဆုပန်တာကို ပါဠိဘာသာနဲ့ ဖွဲ့နွဲ့ရေးထိုးထားတဲ့ ဂါထာအပိုဒ်တစ်ရာ ပါရှိပါတယ်။ ကျောက်စာမှာ ဘုရားဆုပန်တာကို တွေ့ရခဲ့ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေလည်း ဘုရားဆုပန်တာ ရှိခဲ့တယ်ဆိုတာကို ဒီကျောက်စာက ထင်ထင်ရှားရှား ဖော်ပြနေပါတယ်။ ဒီကျောက်စာမှာ မင်းကြီးက ဘုရားဆုပန်ခဲ့တာပါ။ နောက်ဆုံးမှာ ကျောက်စာကို သက္ကတဂါထာ နှစ်ပိုဒ်နဲ့အဆုံးသတ်ထားပါတယ်။

မန္တလေးမှာ ၁၈၆၈ခုနှစ်က စကျင်ကျောက်ချပ် ၇၂၉ ချပ်ပေါ်မှာ မင်းတုန်းမင်းကြီးရေးထိုးလှူဒါန်းခဲ့တဲ့ ပိဋကတ်သုံးပုံကို တွေ့ကြရပါလိမ့်မယ်။ အမြင့် ငါးပေခန့်၊ ဗျက် သုံးပေခွဲခန့်၊ ဒု ငါးလက်မခန့်ရှိတဲ့ ကျောက်စာတစ်ချပ်စီကို ကျောက်စာဂူတစ်ခုစီမှာ ထည့်သွင်းထားပါတယ်။ မန္တလေး ကုသိုလ်တော်ဘုရား ပရဝဏ်ထဲမှာ ထားတာပါ။ ဒီဘုရားနားမှာ စန္ဒာမုနိလို့ခေါ်တဲ့ ဘုရားတစ်ဆူရှိပါတယ်။ အဲဒီဘုရားမှာတော့ ရသေ့ကြီးဦးခန္တီ တည်ထားရှိခဲ့တဲ့ အဋ္ဌကထာတွေ ရေးထိုးထားတဲ့ စကျင်ကျောက်ချပ်တွေရှိပါတယ်။

ဒါတွေက ဘုရားဖူးသွားရင်တွေ့ရမယ့်အထဲက အရေးကြီးတာတွေပါ။

နိဂုံးချုပ်အနေနဲ့ ဒီသမိုင်းဝင်ညီလာခံကြီးမှာ ပါဝင်တက်ရောက်ကြသူတွေနဲ့ တက်ရောက်ကြသူတွေ သက်သောင့်သက်သာ အဆင်ပြေစေဖို့ အဘက်ဘက်က ကြိုးပမ်းခဲ့ကြတဲ့ အဆင့်အမြင့်ဆုံးကနေ အောက်ဆုံးအဆင့်အထိ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ အစကနေ အဆုံးအထိ ညီလာခံအောင်မြင်ရေးအတွက် အစစအရာရာကို ဝီရိယကြီးစွာ ဆောင်ရွက်ခဲ့ကြတဲ့ သီတဂူဆရာတော်နဲ့အဖွဲ့ကိုလည်း ကျေးဇူးတင်ဖို့မမေ့သင့်ပါ။

အားလုံး ကျန်းမာ၊ ချမ်းသာ၊ အေးချမ်းကြပါစေ၊

ကမ္ဘာတစ်ဝန်း တရားဓမ္မ ထွန်းကားပါစေ၊

ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်များ မူလကအတိုင်း သန့်စင်စွာ တည်တံ့ပါစေ။ ။

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်ခြင်းအထိမ်းအမှတ် သာသနာရေးဝန်ကြီးဌာနက ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံ

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဒီဇင်ဘာ ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်တို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညဂနာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နီပေါနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အစိုးရအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် မော်တော်ယာဉ်များ လှူဒါန်းခဲ့ကြသော ဂျပန်နိုင်ငံမှ အလှူရှင်များ၊ ဂျပန်နိုင်ငံ မြန်မာ့စီးပွားရေးအဖွဲ့ အဖွဲ့ဝင်များနှင့် လေ့လာသူများ၊ ဆရာကြီး ဦးဂိုအင်ကာ၏ ပြည်ပနိုင်ငံပေါင်းစုံမှ တပည့်ယောဂီများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်တော်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသော ပြည်ပနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ သာသနနုဂ္ဂဟအဖွဲ့ရ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်တော်ကြီးများအား ဆက်သွယ်ရေးစကားပြန် ဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများနှင့် တက္ကသိုလ်များမှ ပညာရှင်များ၊ ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကား**

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုကျေးဇူးတင် စကားပြောကြားသည်။

ညစာသုံးဆောင်အပြီးတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဓမ္မပဋိပတ်ရိပ်သာ ဆရာတော်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မော်လမြိုင်မြို့ တောင်ရိုးတန်း ဓမ္မပဋိပတ်ရိပ်သာကြီး၏ပဓာနနာယက မြို့နယ်သံဃနာယက (မူလဒွါရ) အဖွဲ့ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တ ပညာဝံသ (ကမ္မဋ္ဌာနာစရိယ) သည် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်ဆင်ကျေးရွာတွင် ဒီဇင်ဘာ ၂၂ နှင့် ၂၃ရက် ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

**(က-ပ)**



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူးကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး တတိယနေ့ နံနက်ပိုင်း အစီအစဉ်အဖြစ် စားပွဲဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏တတိယနေ့အစီအစဉ် ဗုဒ္ဓဘာသာတိုးတက်ထွန်းကားရေးဝိုင်းဝန်းအကြံပြုဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးလျက်ရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ တတိယနေ့ နံနက်ပိုင်းအစီအစဉ်အဖြစ် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးသို့ ကြွရောက်တော်မူလာကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများက ဗုဒ္ဓဘာသာတိုးတက်ထွန်းကားရေး ဆိုင်ရာများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတော်မူကြသည်။**

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး၏ တတိယနေ့နံနက်ပိုင်း အခမ်းအနားသို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)တို့မှ ပါမောက္ခချုပ်ဆရာတော်များ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်နှင့် ဆရာတော် သံဃာတော်များ၊ ပြည်ပနိုင်ငံများမှ ဗုဒ္ဓဘာသာ ဦးသျှောင် ဆရာတော်ကြီးများနှင့် ကိုယ်စားလှယ် ဆရာတော် သံဃာတော်များ၊ အိန္ဒိယနိုင်ငံ နာလန္ဒာ တက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်၊ ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်တို့မှ ဗုဒ္ဓဘာသာဝင် ပါမောက္ခ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံအသီးသီးမှ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ကြည့်ရှုကြသည်။

**ဖွင့်လှစ်တော်မူ**

ရှေးဦးစွာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး တတိယနေ့ နံနက်ပိုင်း အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်တော်မူကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ စားပွဲဝိုင်း ဆွေးနွေးပွဲ အစီအစဉ်ကို ကျင်းပရာ သဘာပတိ ဆရာတော်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ Ven. Dr. Dhammasami က ဆောင်ရွက်တော်မူသည်။

**တင်ပြလျှောက်ထား**

စားပွဲဝိုင်းဆွေးနွေးပွဲတွင် အမေရိကန်ပြည်ထောင်စု အနောက်ဗာဂျီးနီးယားရှိ The Bhavana Society ၏ President ဆရာတော် Ven. Dr. Gunaratana က **'မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး'** (Buddhist Meditation and World Peace) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နီပေါနိုင်ငံမှ Ven. Nyannapunnika က **'ဗုဒ္ဓသာသနာတော်၏ ရပ်တည်မှု'** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်း ဆိုက်ဗေးရီးယားမှ Ven. Sitala က **'ရုရှားဖက်ဒရေးရှင်း၏ ဗုဒ္ဓဘာသာ'** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး တင်ပြ လျှောက်ထားတော်မူကြသည်။

**ပြန်လည်တင်ပြ**

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ဒုတိယနေ့တွင်ကျင်းပခဲ့သော အစုအဖွဲ့လေးဖွဲ့၏ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲ သဘာပတိဆရာတော်များဖြစ်ကြသည့် နီပေါနိုင်ငံမှ Ven. Nyannapunnika ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ သီလာနန္ဒာဘိဝံသနှင့် အမေရိကန်ပြည်ထောင်စု အနောက်ဗာဂျီးနီးယား The Bhavana Society President, Ven. Dr. Gunaratana တို့က အစုအဖွဲ့အလိုက် ဆွေးနွေးချက်များကို ပြန်လည်တင်ပြလျှောက်ထားတော်မူကြသည်။

ယင်းနောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှ ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်မူကြမ်းကို ညီလာခံကြီးသို့ တက်ရောက်တော်မူလာကြသော ကမ္ဘာ့နိုင်ငံ ၃၈နိုင်ငံတို့မှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဗီဟာပြည်နယ် Nalanda University မှ ဒါရိုက်တာ Dr. R. Panth က နာလန်ဒါတက္ကသိုလ် အကြောင်းကို ဗီဒီယိုဆလိုက်ဖြင့်ပြသရှင်းလင်းသည်။

ယင်းနောက် စားပွဲဝိုင်းဆွေးနွေးပွဲကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ တတိယနေ့နှင့် နောက်ဆုံးနေ့ နံနက်ပိုင်းအစီအစဉ်များကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာတောင်တန်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ တောင်တန်းနေ့ (International Mountain Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ (International Centre for Integrated Mountain Development - ICMOD) အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်၊ သစ်တော သယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က အပြည်ပြည်ဆိုင်ရာ တောင်တန်းနေ့နှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် တက်ရောက်လာကြသူများသည် တော်ဝင်ခန်းမ၌ ပြသထားသော တောင်တန်းဒေသ လှုပ်ရှားမှုဆိုင်ရာ မှတ်တမ်းတင်ဓာတ်ပုံများနှင့် ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# စာပြန်တော်ပွဲနှင့် ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

သန်လျင်မြို့ ဓမ္မပါလကျောင်းစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာပြန်ပွဲနှင့် ဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# သမိုင်းဖော်ညွှန်း တည်မော်ကွန်း

(ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မှတ်တမ်းတင် မင်္ဂလာရတု)

သမိုင်းစာတင်၊ ရွှေနားဆင်လော့၊ တောခွင်တောင်တန်း၊ နိမ့်မြင့်လမ်းနှင့်၊ ရှုခန်းဖြာဖြာ၊ မြေပြန့်မှာလည်း၊ လယ်ယာထွက်ကုန်၊ သီးနှံစုံတို့၊ ကုံလုံပြည့်ဝ၊ ပေါကြွယ်လှသော၊ မြင့်ရေကြောနှင့်၊ အံ့သြဖွယ်ရာ၊ ရတနာတို့၊ နီလာပတ္တမြား၊ စသည်အားဖြင့်၊ စိန်လားတွင်းထွက်၊ ဝင်းဝင်းလက်အောင်၊ ပြိုးပြက်ရောင်လျှံ၊ အံ့ဖွယ်ဖန်လျက်၊ သယံဇာတ၊ ပေါကြွယ်လှ၍၊ ဗုဒ္ဓသာသနာ၊ ထွန်းထိန်ဖြာသည့်၊ မြန်မာပြည်ဖွား၊ လူအများတို့၊ ရှေးဖျားတိုင်မှ၊ ယနေ့ကျအောင်၊ ကမ္ဘာ့အလယ်၊ လွှန်တင့်တယ်ခဲ့၊ အံ့ဖွယ်စုံညီ၊ ရှုမအီအောင်၊ စေတီပုထိုး၊ အမျိုးမျိုးက၊ တင့်တိုးသာသနာ၊ ပြည်မြန်မာတွင်၊ သဒ္ဓါတရား၊ မေတ္တာအားတို့၊ ကြီးမားတောက်ပ၊ သက်သေပြ၏၊ ဗုဒ္ဓသာသနာ၊ မြတ်နိုးပါသည်၊ မြန်မာဘိုးဘွား၊ စဉ်ဆက်အားဖြင့်၊ ဘုရားသာသနာ၊ ကိုးကွယ်လာ၍၊ ကိုယ်မှာအလုပ်၊ နှုတ်မှာအပြော၊ မနောအကြံ၊ ဆက်အဆံတို့၊ သုံးတန်ဖြူဖွေး၊ လွှန်ယဉ်ကျေးခဲ့၊ ရှေးခါဘိုးဘွား၊ လူအများတို့၊ မခြားတူပေ၊ ယဉ်ကျေးမှုကို၊ ရစေလိုကြောင်း၊ စိတ်ထားကောင်းဖြင့်၊ ခေါင်းဆောင်ရှေ့သွား၊ ဦးဆောင်အားကြောင့်၊ အများဝင်ပါ၊ ခုချိန်မှာလည်း၊ သာသနာ့ဆောက်အုံ၊ မျိုးပေါင်းစုံတို့၊ ဖုံဖုံထင်ရှား၊ ဟောင်းသစ်များနှင့်၊ သင်ကြားမပြတ်၊ ပရိယတ်စာပေ၊ ယဉ်ကျေးမှုလည်း၊ သင်ခြေဆင့်တန်း၊ ပွင့်စုံလန်း၏၊ အေးချမ်းသာယာ၊ ပြည်မြန်မာ၌၊ ခုခါကာလ၊ ချိန်သမယတွင်၊ ကမ္ဘာ့ဗုဒ္ဓဘာသာ၊ ညီလာခံထိပ်သီး၊ ကျင်းပပြီးတည့်၊ သီးသီးရောက်လာ၊ နိုင်ငံတကာမှ၊ ဘာသာဗုဒ္ဓ၊ မြတ်နိုးကြသည့်၊ များလှဘိတောင်း၊ ခေါင်းဆောင်ကောင်းတို့၊ ကျိုးကြောင်းဆင်ခြင်၊ ညှိတိုင်ပင်၍၊ တူယှဉ်ကြိုးပမ်း၊ ဘေးမသန်းသည့်၊ ငြိမ်းချမ်းအေးမြ၊ ပန်းတိုင်လှကို၊ ရအောင်ယူမည်၊ ကြံရွယ်ရည်သည့်၊ ညီလာခံသဘာ၊ ဖွင့်ချိန်ခါကား၊ ကောဇာခေါ်ထုံး၊ တစ်ထောင့်သုံးရာ၊ ခြောက်ဆယ်သာသည့်၊ ခြောက်ဖြာစွန်းလစ်၊ သက္ကရာဇ်တွင်၊ ကောက်သစ်ရွှင်ပြုံး၊ တန်ဆောင်မုန်းလ၊ ပြည့်ဝကျော်တက်၊ ဆယ်ရက်အပေါ်၊ သုံးရက်ကျော်သည့်၊ ရွှင်ပျော်ချမ်းမြေ့၊ ကြာသပတေးနေ့ဝယ်၊ မမေ့နိုင်စရာ၊ ပြည်မြန်မာ၌၊ ညီညာဖြိုးဖြိုး၊ ကမ္ဘာ့ဗုဒ္ဓဘာသာ၊ ညီလာခံထိပ်သီး၊ ခမ်းနားကြီးကို၊ ပြုပြီးမဆိုင်း၊ မြန်မာ့တိုင်းတွင်၊ သမိုင်းဖော်ညွှန်း၊ ဤမော်ကွန်းသည်၊ တည်ထွန်းကမ္ဘာတိုင်စေသော်။ ။

# ထိပ်သီးညီလာခံကြီးသည် မှန်ကန်စွာဦးဆောင်ဦးရွက်ပြုနိုင်စေရန်အားသစ်လောင်းပေးသည့်အစည်းအဝေးကြီးဖြစ်

# ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ပူးပေါင်းကူညီသည့်စည်းလုံးညီညွတ်မှုကိုဖော်ဆောင်နေ

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ပြောကြားသော နှုတ်ခွန်းဆက်မိန့်ခွန်း -

**ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ၊**

**ဗုဒ္ဓဘာသာဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊**

**လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊**

**လေးစားအပ်ပါသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်**

**ဧည့်သည်တော်များခင်ဗျား–**

ကျင်းပလျက်ရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ထူးမြတ်လှသော ဤညီလာခံကြီးကို အချိန်သင့် အခါသင့် ဦးစီးကျင်းပပေးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိအပ်ပါသည်။

ထို့အပြင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခွင့်ရစေရန် ဖိတ်ကြားသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

မင်္ဂလသုတ်တော်တွင် **“ကာလေန ဓမ္မသာဝနံ ဧတံမင်္ဂလ မုတ္တမံ”**ဟူ၍ သင့်တော်လျောက်ပတ်သော အချိန်အခါတွင် တရားတော်များကို နာကြားရခြင်း၏အကျိုးများပုံကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ပါသည်။ ဘုရားရှင်၏ အဆုံးအမနှင့်အညီ အခွင့်အခါ သင့်မြတ်လှသော အခါသမယတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဆင်ယင်ကျင်းပနိုင်ခြင်းသည် အကြောင်းသင့်လှပါသည်ဟု ပြောကြားလိုပါသည်။ ယခုညီလာခံကြီးသည် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မေတ္တာ ကရုဏာတရားများထင်ဟပ်ရာ အစည်းအဝေးကြီးလည်းမည်ပါသည်။ ထို့ပြင်မကဘဲ မြတ်ဗုဒ္ဓ၏ထေရဝါဒတရားများမှ တစ်ဆင့် လူသားများ၏နှလုံးစိတ်ဝမ်းအေးချမ်းရေး၊ ကမ္ဘာကြီးငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးမည့် ထိပ်သီးညီလာခံကြီးလည်း ဖြစ်ပါသည်။

### အားသစ်လောင်းပေး

မျက်မှောက်ကာလသည် ဗုဒ္ဓဘာသာဝင်များအကြား တည်ရှိနေသော ကွဲပြားခြားနားမှုများ၊ သာသနာအဆုံးအမမှ ပျက်ယွင်းသွေဖည်နေသော အခြေအနေများကို ယခုကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးက ပြန်လည်တည့်မတ်မှန်ကန်အောင် ပြုပြင်ထိန်းကျောင်းပေးနိုင်လိမ့်မည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။ ယခုထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓသာသနာ ပြန့်ပွားစည်ပင်ရေးအတွက် မှန်ကန်စွာဦးဆောင်ဦးရွက်ပြုနိုင်စေရန် အားသစ်လောင်းပေးနိုင်မည့် အစည်းအဝေးကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ရှည်လျားနက်ရှိုင်းသော သမိုင်းကြောင်းရှိခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ ထေရဝါဒဗုဒ္ဓသာသနာကို အခြေခံသည့် နက်ရှိုင်းသော ဆက်ဆံမှုဖြစ်သည်ကို သိရှိနိုင်ပါသည်။ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် (၄)ရာစုနှစ်ကာလကတည်းက တည်ရှိခဲ့သောဆက်ဆံရေးဖြစ်ပါသည်။ ထိုစဉ်က မြန်မာရဟန်းတော်များသည် သီရိလင်္ကာရှိ အနုရဓပူရမဟာဝိဟာရတွင် ဗုဒ္ဓ၏တရားဒေသနာတော်များကို လာရောက်ဆည်းပူးလေ့လာခဲ့ကြပြီး မြန်မာပြည်တွင် သာသနာတော်ကို စည်ပင်ပြန့်ပွားထွန်းကားစေခဲ့ပါသည်။



**သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပိတ်သိမ်းခြင်း အခမ်းအနားတွင် နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)**

### ထွန်းကားခဲ့

အနော်ရထာမင်း မြန်မာနိုင်ငံ၌ နန်းစံစဉ် (၁၁)ရာစုနှစ်ကာလက ပိဋကတ်တော်များကို သီဟိုဠ်ဘုရင် ဝိဇယဗာဟုက မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပါသည်။ဤနေရာတွင် သီရိလင်္ကာ၌ ထိုစဉ်အခါက သီတင်းသုံးတော်မူခဲ့ကြသော ရဟန်းသံဃာတော်များကို အထူးကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ရဟန်းသံဃာတော်များသည် နှုတ်ရွတ်ဆိုမှုအသွင်ဖြင့်သာ မှတ်သားနေခဲ့ရသော ပိဋကတ်တော်များကို အက္ခရာတင် မှတ်တမ်းပြုနိုင်အောင် ဖွဲ့လုံ့လ၊ ဝီရိယဖြင့် မနားမနေ အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။ ပိဋကတ်တော်များကို ကမ္ပည်းတင်နိုင်ချိန်မှစ၍ မြန်မာနှင့်သီရိလင်္ကာတို့သည် ထေရဝါဒကို အခြေခံအပ်သော ရွှေကြိုးငွေကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့သော မိတ်ဆွေရင်းချာများအဖြစ် နှစ်နိုင်ငံအကြားရင်းနှီးစွာ ဆက်ဆံမှုများထွန်းကားခဲ့ပါသည်။

နှစ်နိုင်ငံအကြား ရာစုနှစ်များစွာ ဖြစ်တည်ခဲ့သော သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားစေရန် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူတို့က ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဆင်ယင်ကျင်းပပုံများကို လေ့လာတွေ့ရှိရသည်မှာလည်း အထူးပင် နှစ်ထောင်းအားရဖွယ်ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ပူးပေါင်းကူညီမှုသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည်ကို ကျေနပ်ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရသည်ဖြစ်၍ ထိုမှတစ်ဖန် ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် လမ်းကြောင်းမှန်ကို တွေ့မြင်နေရပြီဖြစ်ပါသည်။**

ဗုဒ္ဓဘာသာဆိုသည်မှာ ဘာသာရေးသက်သက်မျှသာမဟုတ်ဘဲ ကြွယ်ဝလှသော ယဉ်ကျေးမှုနှင့် အကျင့်သီလသိက္ခာများနှင့် ပြည့်စုံလျက်ရှိနေပါသည်။ ထို့ပြင်မကဘဲ ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေရသော စိုးရိမ်ဖွယ်အန္တရာယ်အပေါင်းကိုလည်း ဗုဒ္ဓသာသနာတော်က ငြိမ်းအေးစေနိုင်သည်ဆိုသည်ကို ယခုကျင်းပလျက်ရှိသည့် ထိပ်သီးညီလာခံကြီးက ပြသလျက်ရှိနေပါသည်။

### ယုံကြည်မိ

နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် အစွန့်ရှည်တည်တံ့လာခဲ့သော ဗုဒ္ဓသာသနာတော်သည် ညှိုးနွမ်းသွားခြင်းမရှိဘဲ မျက်မှောက်ကာလထိတိုင် ရှင်သန်ထွန်းကားပြန့်ပွားနေဆဲဖြစ်ရာ ဗုဒ္ဓသာသနာတော်၏ ထွန်းလင်းတောက်ပမှုကို ယခုညီလာခံကြီးက ကမ္ဘာသိအောင် ပြသနိုင်ခဲ့ပြီဖြစ်ပါသည်။

မကြာမီအချိန်အတွင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးတော့မည် ဖြစ်ပါသည်။ ယခုအချိန်အခါသမယတွင် မိမိတို့အားလုံး၏ ရင်တွင်းဝယ် မြတ်ဗုဒ္ဓ၏အဆုံးအမဒေသနာတော်များ ကိန်းအောင်းပြန့်ပွားနေပြီဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်မှုအပေါင်း ခညောင်းပါစေ။

ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အားလုံးချမ်းမြေ့သာယာရှိကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

● **ကျောဖုံးမှ**

### အောင်မြင်စွာပိတ်သိမ်း

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်စွာ ပိတ်သိမ်းခြင်းအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ ပြည်နယ်၊ တိုင်းဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်များ၊ပရိယတ္တိစာသင်တိုက်များမှပဓာနနာယက ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှပါမောက္ခချုပ်ဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး)တို့မှ ပါမောက္ခချုပ် ဆရာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်အဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး) တို့မှ သံဃာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ရှိ ပြည်တွင်းပြည်ပမှ သံဃာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှသံဃာတော်များ၊ မဟာသန္တိသုခသာသနာပြု ကျောင်းတော်မှ သံဃာတော်များ၊ မြန်မာနိုင်ငံရှိ မဟာယာန ဘုန်းတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက်များမှ ပဓာနနာယက သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ပြည်ပနိုင်ငံများ ဖြစ်ကြသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီယားနိုင်ငံနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ သံဃရာဇာဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကနေဒါနိုင်ငံ၊အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ဂျမေကာနိုင်ငံ၊ကိုရီးယားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ ဆရာတော်များ ကြွရောက်တော်မူကြသည်။

### တက်ရောက်ကြည့်ညို

ထို့အတူပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့် ဇနီးမဒမ်ရှိရန်သီရာဂျာပက်(ခ်)စီ၊ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Lu Lay Sreng၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နီပေါနိုင်ငံ ယဉ်ကျေးမှု ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Deep Kumar Upadhayaya၊ ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Khum Haing၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံတောင်ပိုင်းပြည်နယ်များဆိုင်ရာ ကောင်စီဝန်ကြီး Mr. Hemal Gunasekera၊ သီရိလင်္ကာနိုင်ငံမှ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်များ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊သာသနာ့နုဂ္ဂဟအဖွဲ့ရှိ လူပုဂ္ဂိုလ်များ၊ မဟာယာန လူပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်မြို့ရှိ စေတီတော်များမှ ဂေါပကအဖွဲ့ဝင်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မှ နည်းပြများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့မှ ကိုယ်စားလှယ်များ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဘရာလ်ဇီး၊ ကနေဒါ၊ ကမ္ဘောဒီးယား၊ ချက်၊ လာအို၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျမေကာ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ မက္ကဆီကို၊ မွန်ဂိုလီးယား၊ နီပေါ၊ နယ်သာလန်၊ တရုတ်၊ စင်ကာပူ၊ ရိုမေးနီးယား၊ ရုရှား၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ဆွီဒင်၊ဆွစ်ဇာလန်၊ ထိုင်း၊ အမေရိကန်၊ အီရန်၊အစ္စရေးနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြည့်ညိုကြသည်။

### လက်အုပ်ချီမိုးဖူးမြော်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်စွာ ပိတ်သိမ်းခြင်း အခမ်းအနားမစတင်မီ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ အကျိုးတောင်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သိလာနန္ဒာဘိဝံသတို့ ဦးဆောင်လျက် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ ကိုရီးယား၊ရိုမေးနီးယား၊အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်၊ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံတို့မှ ဆရာတော် အရှင်သူမြတ်၁၈ပါးတို့အား အခမ်းအနားဖြင့်ပင့်ဆောင်ကြရာတွင် ရှေ့ဆုံးမှ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းလှက အောင်သပြေစိုက် ပန်းဖလားကို ပိုက်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ကွမ်းတောင်ကို ကိုင်ဆောင်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက ပန်းကလပ်ကို ကိုင်ဆောင်၍လည်းကောင်း ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ တောင်ဘက်အဝင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာဧရောကင်းသံဖြင့် တီးခတ်ပူဇော်ပြီး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ နေရာယူထားကြသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးအောင်မြင်စွာ ပိတ်သိမ်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်အပေါင်းတို့က လက်အုပ်ချီမိုး၍ ဖူးမြော်ကြည်ညိုကြိုဆိုကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပိတ်သိမ်းခြင်း အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးများအဖြစ်ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ တာဝန်ခံ ဦးဝင်းအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွဋ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် သီရိလင်္ကာဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့သည့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်ရှိ မင်္ဂလာခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းထွန်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. D.M.M. Ranaraja တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့သည့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် မင်္ဂလာခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့သည့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီ၊ ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်ရှိ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)



# ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နှစ်ပေါင်း၇၂၀က တည်ထားခဲ့သော မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ စံပြမြို့သစ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ခွဲအတွင်းရှိ သမိုင်းဝင် ရွှေနံ့သာအောင်ဆုတောင်းပြည့်စေတီတော်၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဒီဇင်ဘာ၁၄ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ သစ်သီးကိုးမျိုးတို့ဖြင့် ဒီဇင်ဘာ၁၄ရက်မှ ရက်သတ္တပတ်ကြာ ပူဇော်မည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၉ရက်အထိ စိန်မာဒင်သား မိုးဝင်း၊ သမီး တင်မိုးဝင်း စံပြသဘင်အဖွဲ့၊ ရွှေပဒေသာဇာတ်သဘင်အဖွဲ့ကြီးနှင့်အတူ ပျော်ပွဲရွှင်ပွဲ အစီအစဉ်ဖြင့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုန္ဒက(ဓမ္မာစရိယ ပါဠိပါရဂူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)အား အမှူးထား၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**(က-ပ)**

# အထက(၁)တာမွေ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

အထက(၁) တာမွေ (ယခင်ကျောက်မြောင်းစတိတ်၊ ၁၉၄၅-၁၉၆၇)ပညာသင်နှစ်မှ အငြိမ်းစားယူပြီး အသက်(၆၅)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၆ရက်တွင် အဆိုပါကျောင်းရှိ ပင်လုံခန်းမတွင်ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ဦးစိန်ဝင်းမောင် ဖုန်း-၅၇၂၀၀၉၊ ဦးစိုးလွင် ဖုန်း-၅၇၁၁၅၉၊ ဦးညွန့်တင် ဖုန်း-၅၄၀၉၁၇၊ ဒေါ်ခင်ခင်သန်း ဖုန်း-၀၉-၅၀၀-၈၂၀၄၊ ဒေါ်ထားထားသင်း ဖုန်း -၅၄၈၉၂၄နှင့် ဦးလှဌေး ဖုန်း-၅၄၂၃၀၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး သီရိလင်္ကာဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့သည့် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့် ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီနှင့် အဖွဲ့ဝင်များအား ယနေ့ည ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်ရှိ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကတို့ဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**(သတင်းစဉ်)**

# ဘူမိဗေဒကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒအဓိကဖြင့်(၁၉၇၃/၇၄/၇၅) ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပမည် ဖြစ်သည်။ ပူဇော်ပွဲအတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးသိန်းဇံ ဖုန်း-၀၉-၈၀-၂၄၂၇၂၊ ဦးမြင့်သိန်းတင် ဖုန်း-၀၉-၅၀-၀၉၆၄၂၊ ဦးရီစိန် ဒေါ်တင်တင်အေး ဖုန်း-၀၁-၇၀၀၆၀၇၊ ဦးအောင်ပြုံး ဖုန်း-၀၁-၂၉၃၈၄၇၊ ဦးထွန်းရှိန် ဖုန်း-၀၁-၆၆၇၇၄၁၊ ဦးစိုးကြင်-ဒေါ်ခင်မမ ဖုန်း-၀၉-၅၀-၁၁၂၃၃၊ ဦးဉာဏ်ဝင်း ဖုန်း-၅၄၁၅၆၉၊ ၀၉-၅၀-၀၈၀၀၈နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း-၆၈၃၃၆၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

# ပဉ္စမအကြိမ်

## မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများညီလာခံ

(၁၅-၁၂-၂၀၀၄) မှ

(၁၇-၁၂-၂၀၀၄)

ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးရောက်ရှိလာသော သီရိလင်္ကာဝန်ကြီးချုပ်နှင့် ဇနီးတို့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

## ကြိုဆို

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. D.M. M .Ranaraja နှင့် သံရုံးအဖွဲ့ဝင်များ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသန်းထွန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီ၊ ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီနှင့်အဖွဲ့ဝင်များလိုက်ပါလာသော အထူးလေယာဉ်သည် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆိုက်ရောက်လာရာ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူလေးများက ပန်းစည်းဆက်၍ကြိုဆိုကြပြီးနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးနှင့် အဖွဲ့ဝင်များက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)





## ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)



## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခံယူ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အတူလိုက်ပါလာကြသည့်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့်ဇနီး မဒမ်ရှီရန်သီရာဂျာပက်(ခ်)စီနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့်ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ့စာပေပွဲတော်

စာပေသည် လူသားအားလုံးအတွက် အလင်းရောင်ဖြစ်သည်။ စာပေအလင်းရောင်ဖြင့် လူလောကအလှကို ဖန်တီးတည်ဆောက်နိုင်သည်။ စာပေသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်သည်။ **စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဖော်ကျူးလျက် ရှိသည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် အမျိုးသားစာပေဟူ၍ ရှိကြသည်။ မြန်မာလူမျိုးများတွင် ရှေးပဝေသဏီကပင် မြန်မာစာပေ ရှိခဲ့သည်။ စာပေသမိုင်းစဉ်ကို ပြန်ကြည့်လျှင် ပုဂံခေတ်မှစ၍ ပင်းယခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်အထိ စာပေ၏အနှစ် အခြေခံ ခိုင်မာသည်။ အညွှန့်အခက် ဝေဝေဆာဆာနှင့် ကောင်းမွန်စွာ ဖွံ့ဖြိုး ရှင်သန်ခဲ့သည်။** အင်းဝခေတ်နောက်ပိုင်း ကုန်းဘောင်ခေတ်တစ်လျှောက်တွင်မူ စာပေအညွှန့်အခက်မှ တစ်ဆင့်တက်၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ အဲအန်၊ လူးတား၊ မော်ကွန်း၊ ရဲတင်း၊ အိုင်ချင်း၊ ဧချင်း၊ သံပေါက်၊ သာချင်း၊ ကာချင်း၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ သဖြန်၊ ခွန်းထောက်၊ ဘောလယ်၊ ကြိုး၊ ပတ်ပျိုး၊ ငိုချင်း၊ ဒုံးချင်းစသော သီချင်းကဗျာ လင်္ကာများ ပေါ်ပေါက်ခဲ့သည်။

ရှေးယခင် မြန်မာဘုရင်များလက်ထက်ကပင် ရဟန်းရှင်လူ စာပေပညာရှင်များကို နတ်တော်လတွင် လက်ဆောင်ပေးခြင်း၊ ရွာစား၊ မြို့စား၊ နယ်စားများ ခန့်အပ်ခြင်း၊ ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်ရောက်သောအခါတွင် မြန်မာစာပေ ချီးမြှောက်မှုအစဉ်အလာ ပပျောက်ခဲ့ရသည်။ ဇာတိမာန်မျိုးချစ်စိတ်စာပေများ ဆိတ်သုဉ်းသွားအောင် ပြုလုပ်ခဲ့ကြသည်။ မျိုးချစ်မြန်မာတို့က "မြန်မာစာသည် ဒို့စာ၊ မြန်မာစကားသည် ဒို့စကား၊ ဒို့စာကို ဒို့ချစ်ပါ။ ဒို့စကားကိုလေးစားပါ"ဟု တပ်လှန့်ကာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။

နယ်ချဲ့ခေတ်လွန်၍ ဖက်ဆစ်ခေတ်သို့ ရောက်လာချိန်၊ ပညာတံခွန်အသင်းမှ ကွမ်းခြံကုန်း၌ အဘိဓာန်နှင့် ပညာ စွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဦးပုညနေ့ ကျင်းပရေးအစီအစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့သည်။ ထိုအကြောင်းကို ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ အကြောင်းကြားခဲ့၏။ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးတည်းအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပသည်ထက် စာဆိုတော်အများနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန်၊ စာပေပညာရှင်၊ ပညာတံခွန် အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ဦးပုညနေ့အစား "စာဆိုတော်နေ့"အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြ၏။

ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ရက် (၁၃၀၆ ခုနှစ်)မှ စတင်ကျင်းပခဲ့သည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ် ကပြခဲ့သည်။ အနယ်နယ်အရပ်ရပ်၌ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးစီးကျင်းပ၍ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့အခမ်းအနားများ ကျင်းပခဲ့သည်။ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြသည်။ စာပေဟောပြောပွဲများကျင်းပခဲ့ကြသည်။ ညပိုင်းတွင် ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဇာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကပြခဲ့ကြ၏။ စာပေသဘောအရ ပြဇာတ်ကပြ၍ စာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်းဖြစ်သည်။ နေ့ပိုင်း အခမ်းအနားမှာ စာရေးဆရာများသာ ပါဝင်ဆင်နွှဲနိုင်သော အခမ်းအနားဖြစ်၍ ညပိုင်းပြဇာတ်များမှာမူ ပြည်သူအများ ကြည့်ရှုနိုင်သည်။ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် "စာရေးဆရာ–စာပေ"စသည့် စာစောင်များ၊ မဂ္ဂဇင်းများ ထုတ်ဝေခဲ့သည်။

မြန်မာသက္ကရာဇ်၁၃၁၂ ခုနှစ်စာဆိုတော်နေ့ (၁၉၅၀ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်) အခမ်းအနားကို လူထုအစည်းအဝေး အခမ်းအနားအဖြစ် လှုံ့ဆော်စည်းရုံး ကျင်းပခဲ့သည်။ တစ်မျိုးသားလုံးနှင့် ဆိုင်သော နေ့တစ်နေ့အဖြစ် ကျင်းပနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြသည်။ စာဆိုတော် တစ်ဦးဦး အကြောင်းကို ပြဇာတ်ကပြခဲ့သော အစဉ်အလာကို ၁၃၀၆ ခုနှစ်မှစ၍ ၁၃၁၇ ခုနှစ်အထိ ဆက်လက်ကျင့်သုံးခဲ့သည်။ ၁၃၁၉ ခုနှစ်မှစ၍ ပြဇာတ်ကခဲ့သော အစီအစဉ်ကို ဖျက်ခဲ့သည်။

နိုင်ငံတည်ဆောက်ရာတွင် စာပေအင်အားသည် ထက်မြက်ထိရောက်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် မျိုးချစ်စိတ်နှင့်တိုင်းချစ်ပြည်ချစ်စိတ်ကို တပ်လှန့်နှိုးဆော်ကာ ကလောင်အင်အားဖြင့် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။

## ယောနကဘိုးထောင်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာရေးဆရာများနေ့ဟူ၍ မရှိပေ။ မြန်မာနိုင်ငံတွင် စာပေပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့ မြန်မာစာပေပွဲတော်ကြီးကို ကျင်းပပြီး ထိုက်ထိုက်တန်တန် စာပေဆုများချီးမြှင့်လျက်ရှိသည်။

၂၀၀၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုကို စာရေးဆရာကြီး ငွေးမောင်က ရရှိသည်။ မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် ဦးလှကြိုင်(ပါရဂူ)၊ ၂၀၀၂ ခုနှစ် ဦးထင်ဖတ် (မောင်ထင်) အပါအဝင် သုံးဦးရရှိခဲ့ပြီး ဖြစ်သည်။

စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းအပါအဝင် စာပေအမျိုးအစားပေါင်း ၇၀၀၀ကျော် နှစ်စဉ် ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။ ပျမ်းမျှအားဖြင့် လစဉ်စာပေအမျိုးအစားပေါင်း ၇၀၀ကျော်နှင့် စာအုပ်ပေါင်း လေးသိန်းနီးပါး ထုတ်ဝေလျက်ရှိသည်။

အမျိုးသားစာပေဆုတွင် ၁၉၆၂ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ၃၈၃ဆုရှိနေပြီဖြစ်သည်။ အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကို ၁၉၈၉ခုနှစ်ကစပြီး ကျင်းပလာခဲ့ရာ ၂၀၀၃ခုနှစ်အထိ ဆုပေါင်း ၄၁၀ ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။ ၁၉၆၉ ခုနှစ်မှ စတင်ခဲ့သည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် ဘာသာရပ် ၁၂မျိုး သတ်မှတ်ပြီး ချီးမြှင့်လာခဲ့ရာမှ ၂၀၀၃ခုနှစ်အထိ ၅၃၇ဆု ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

စာပေကလောင်ရှင်များ၏ လက်ရာမွန်၊ လက်ရာကောင်း ၅၀၀ကျော် ပုံနှိပ်စာအုပ်အဖြစ် ပေါ်ထွက်လာပြီး လက်ရာကောင်း၊ လက်ရာမွန်များအတွင်းမှ အမျိုးသားစာပေဆုများကို ထပ်ဆင့်ဆွတ်ခူး ရရှိခဲ့ကြသည်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း အစဉ်အလာမပျက် တည့်မတ်ခိုင်မာစွာ ရပ်တည်လျက်ရှိသည်။ အရည်အသွေး အဆင့်အတန်း တိုးတက်မြင့်မားမှုကို အထင်အရှားတွေ့နိုင်သည်။

သက်ကြီးစာပေပညာရှင်များကို ၁၃၄၂ခုနှစ်(၁၉၈၀)ပြည့်နှစ်မှစတင်၍ ၁၀ ဦးဖြင့် စတင်ကန်တော့ခဲ့ရာ ၁၃၆၄(၂၀၀၂)ခုနှစ်အထိ တစ်ပြည်လုံး ၁၂၂ ဦးအထိ တိုးမြှင့်နိုင်ခဲ့သည်။ ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခြင်းမှာ မြန်မာ့စဉ်လာ မင်္ဂလာပင်ဖြစ်သည်။

၁၃၆၂(၂၀၀၀)ပြည့်နှစ်မှစ၍ စာအုပ်ဈေးပွဲတော်များရှင်သန်ဖြစ်ထွန်းလာရာ ၁၃၆၅(၂၀၀၂)ခုနှစ် စာအုပ်အဟောင်းအသစ်ရောင်းရငွေ စုစုပေါင်းမှာ စာအုပ်ဆိုင်ပေါင်း ၄၀ကျော်၏ တင်ပြချက်အရ ကျပ်၁၄၂သိန်း ရှိခဲ့သည်။ စာအုပ်ဈေးပွဲတော် ဆင်နွှဲခြင်းမှာ ထုတ်ဝေသူ၊ ဖြန့်ချိသူတို့နှင့် ဆုံခွင့်ကြုံခွင့်ရသော အခါကောင်းဖြစ်သည်။ မြန်မာစာပေကို နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားမှုခြေလှမ်းသစ်များ ဖြစ်သည်။ မြန်မာနိုင်ငံရှိ စာရေးဆရာများ၊ စာပေထုတ်ဝေသူများနှင့် Forever Groupတို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ စာရေးဆရာများ ရေးသားကြသည့် စာအုပ်များ စုစုပေါင်းအုပ် ၁၅၀၀ကို အင်တာနက်မှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ချိလျက်ရှိသည်။

ယခုနှစ်တွင် စာပေဒါနကုသိုလ်ပြုလျက် ကျေးလက်စာကြည့်တိုက်များ ပေါ်ထွန်းလာအောင် အားပေးကူညီမှုမှာ ထူးခြားလှသည်။ ကျေးရွာအုပ်စုပေါင်း ၁၃၇၄၈ တွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၀၅၉၈ တိုက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသော ကျေးရွာများကိုလည်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ ပြည့်ဝ တိုးတက် ဖွံ့ဖြိုးစေခဲ့သည်။

စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဖော်ကျူးလျက် ရှိသည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် အမျိုးသားစာပေဟူ၍ ရှိကြသည်။ မြန်မာလူမျိုးများတွင် ရှေးပဝေသဏီကပင် မြန်မာစာပေ ရှိခဲ့သည်။ စာပေသမိုင်းစဉ်ကို ပြန်ကြည့်လျှင် ပုဂံခေတ်မှစ၍ ပင်းယခေတ်၊ တောင်ငူခေတ်၊ အင်းဝခေတ်အထိ စာပေ၏အနှစ် အခြေခံ ခိုင်မာသည်။ အညွှန့်အခက် ဝေဝေဆာဆာနှင့် ကောင်းမွန်စွာ ဖွံ့ဖြိုးရှင်သန်ခဲ့သည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ၁၄ မျိုးစလုံးကို ပြည့်ပြည့်ဝဝ ဆွတ်ခူးနိုင်ခဲ့သည်။

စာပေထူးချွန်ဆုများကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၂ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပကာ ၂၀၀၃ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုများကို တပေါင်းတစည်းတည်း ချီးမြှင့်မည်ဖြစ်သည်။ မျက်မှောက်ခေတ်ကာလတွင်

ဤသည်မှာ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော စာဆိုတော်နေ့ မြန်မာ့စာပေပွဲတော်ကြီးမှ ပေးအပ်လိုက်သောရလဒ်ကောင်းများဖြစ်ကြောင်း၊ မြန်မာ့စာပေပွဲတော်များသည် ခေတ်အကြောင်းကို သမိုင်းအဖြစ် မီးမောင်းထိုးပြလျက်ရှိပါကြောင်း တင်ပြရင်း ၂၀၀၄ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုလိုက်ပါသည်။ ။


## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွက်

(၁၂-၁၂-၂၀၀၄)ရက်နေ့ နှင့် (၂၆-၁၂-၂၀၀၄) ရက်နေ့



## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၅၉၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန


## မြဝတီရုပ်မြင်သံကြား

၁၂-၁၂-၂၀၀၄ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးယောသိတ တရားတော် **"ပဋိစ္စသမုပ္ပာဒ်နှင့် ကမ္မဘဝရှင်းတမ်း"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ရသများ(အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြုများ)
၄:၃၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ"** (အပိုင်း-၆)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ **"ရှုမဝအငြိမ့် ဖျော်ဖြေခန်း"**
၁၅။ English Premier League ဘောလုံးပွဲ Arsenal Vs Chelsea



**အမှတ်(၂၁) ဇီဝကလမ်း ဒဂုံမြို့နယ်နေ ဒေါ်သန်းသန်း (ဌာနမှူး-ငြိမ်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း)က (၇၅)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကဦးချစ်လှိုင်က လက်ခံယူစဉ်။** (က-ပ)

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ကို နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ အတည်ပြုလက်မှတ်ရေးထိုးတော်မူ



***စာမျက်နှာ ၇ မှ***

ယင်းနောက် ဆင္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊သံဃာတော် အရှင်သူမြတ်များနှင့် ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက သရဏဂုံသုံးပါးကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**သီဆိုပူဇော်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၅ ဆုရှင် မအိအိချွန်က ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ တီးခတ်သည့် ရိုးရာမြန်မာ့စောင်း ကိုးလက်ဖြင့် တွဲဖက်ကာ 'ထူးမခြားနား' သီချင်းခန့်ကို သီဆိုပူဇော်သည်။

ထို့နောက် ဆင္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အပြင်ဘက်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်နက်တည်း ကိုးကြိမ်ထိုး၍ ပူဇော်သည်။

ဆက်လက်၍ ဆင္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတောင်ဘက်အဝင် မင်္ဂလာလမ်းလက်ဝဲဘက်ရှိ ခေါင်းလောင်းတော်ကြီးကို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အထိမ်းအမှတ်အဖြစ် ကိုးကြိမ်ထိုး၍ ပူဇော်သည်။

**အနုမောဒနာပြု**

ယင်းနောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော်မူလာကြသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သံဃာတော် ၂၅ပါးတို့က မေတ္တာသုတ်ပရိတ်တော်ကိုရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က သာဓုသုံးကြိမ်ခေါ်ဆို၍ အနုမောဒနာပြုကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ကက်ရှ်မီးယားပြည်နယ်မှ ဆရာတော် Ven. Sangasenaက Buddhism in Ladakhနှင့် စပ်လျဉ်း၍ ပရိဂျက်တာဖြင့် ပြသရှင်းလင်း လျှောက်ထားတော်မူသည်။

ယင်းနောက်သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မဟင်ဒါရာဂျာပက်(ခ်)စီက နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားသည်။

**(သီရိလင်္ကာဝန်ကြီးချုပ်၏ နှုတ်ခွန်းဆက်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

**ဖတ်ကြားလျှောက်ထား**

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော် မူလာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ် ဗုဒ္ဓဘာသာဝင် ရဟန်းတော်များ၊ ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ စုပေါင်းဆွေးနွေး ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ကို ဖတ်ကြားလျှောက်ထားတော်မူသည်။

**(ပူးတွဲကြေညာချက်ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုတော်မူသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ အိန္ဒိယသမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ရိုမေးနီးယားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ နီပေါနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်ကြီး ၂၁ ပါးတို့က ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးတော်မူကြသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ ပူးတွဲကြေညာချက်ကို နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ အတည်ပြုလက်မှတ်ရေးထိုးတော်မူ











**စာမျက်နှာ ၁၁ မှ**

ယင်းနောက်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျေးဇူးတင်စကား လျှောက်ထားသည်။

**(နိုင်ငံတော်ဝန်ကြီးချုပ်၏ ကျေးဇူးတင်လျှောက်ထားချက်ကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး မှတ်တမ်းတင်မင်္ဂလာရတုဖြစ်သည့်**"သမိုင်းဖော်ညွှန်းတည်မော်ကွန်း"**ကို ဖတ်ကြားလျှောက်ထားသည်။

**(သမိုင်းဖော်ညွှန်းတည်မော်ကွန်းမင်္ဂလာရတုကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ချက်သမ္မတနိုင်ငံမှ ဆရာတော် Ven. Uttamaက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားမြွက်ကြားတော်မူသည်။

## ရွတ်ပွားတော်မူ

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သံဃာတော် ၁၇ ပါးတို့က အောင်ခြင်းရှစ်ဖြာမင်္ဂလာကို သံပြိုင် ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**(ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ၏ နိဂုံးချုပ်ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

## ရှစ်လုံးဖွဲ့ကဗျာရွတ်ဆို

ထို့နောက် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၀) ရပ်ကွက် သဃ်မိတ္တာဝတ်အဖွဲ့မှအဖွဲ့ဝင်များက မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏ (အရပ်ဆယ်မျက်နှာ) မေတ္တာပို့သကြပြီး **"ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေထက် လင်းစေသော်"** သာသနာ့ကြွေးကြော်သံရှစ်လုံးဖွဲ့ကဗျာတို့ကို ရွတ်ဆိုပူဇော် ဆုတောင်းကြသည်။

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပိတ်သိမ်းခြင်း အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သံဃာတော်များက အောင်ခြင်းရှစ်ဖြာမင်္ဂလာတရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။** (သတင်းစဉ်)



**သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သံဃာတော်များက မေတ္တသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။** (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်၍ "စိရံတိဋ္ဌတု လောကသ္မိံ သမ္မာသမ္ဗုဒ္ဓသာသနံ၊ တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေ ပိ ပါဏိနော" ဆုတောင်းဂါထာကို ရွတ်ဆိုပူဇော်ဆုတောင်းစဉ်။ (သတင်းစဉ်)



အိန္ဒိယသမ္မတနိုင်ငံ ကက်ရှ်မီးယားပြည်နယ်မှ ဆရာတော် Ven. Sangasena က Buddhism in Ladakh နှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတော်မူစဉ်။ (သတင်းစဉ်)



ချက်သမ္မတနိုင်ငံမှ ဆရာတော် Ven. Uttama က ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် စည်ကားသိုက်မြိုက် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကားမြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

***စာမျက်နှာ ၁၂ မှ***

ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သော ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က "စိရံတိဋ္ဌတု လောကသ္မိံ သမ္မာသမ္ဗုဒ္ဓသာသနံ၊ တသ္မိံ သဂါရဝါနိစ္စံ၊ ဟောန္တု သဗ္ဗေ ပိ ပါဏိနော" ဟူသောသာသနာဆုတောင်းဂါထာတော်ကို သံပြိုင်ရွတ်ဆို ပူဇော်ဆုတောင်းကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ညနေ ၃ နာရီ ၃၅ မိနစ်တွင် အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာပိတ်သိမ်းအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ အမှူးပြုသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဦးသျှောင် ဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများသည် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းမှ ပြန်လည်ကြွချီတော်မူကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး၊ ထိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြသည်။ **(သတင်းစဉ်)**

## ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ CNG အရောင်းဆိုင်များ တည်ဆောက်မှုစစ်ဆေး နည်းပညာပိုင်းစိတ်ချရအောင် ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၁

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းက အလုံနှင့် ကျိုက္ကလို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင် တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးအား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတို့က CNG အရောင်းဆိုင်များ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ နိုင်ငံခြားမှ မှာယူထားသော ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ရက်တွင် အချိန်မီပြီးစီးရေး၊ နည်းပညာပိုင်းတွင် စိတ်ချရအောင် ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တွင် မူလက အင်းစိန်နှင့်သမိုင်းတွင် CNG အရောင်းဆိုင် နှစ်ဆိုင်သာရှိပြီး ယခုအခါ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အလုံ၊ ဘုရင့်နောင်၊ ကျိုက္ကလို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ သာကေတတို့တွင် CNG အရောင်းဆိုင် ငါးဆိုင်ကို ထပ်မံတည်ဆောက်လျက်ရှိပြီး နောက်ထပ် သုံးဆိုင်ကိုလည်း ရန်ကုန်မြို့အတွင်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး နည်းပြသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် Singapore International Foundation တို့ကကြီးမှူးကျင်းပသော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၂) ကမ္ဘာ့ဇလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်း၌ကျင်းပရာ ရေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် Singapore International Foundation မှ ပါမောက္ခ ဒေါက်တာ Khoo Kim Choo က အမှာစကားပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ပါမောက္ခ ဒေါက်တာ Khoo Kim Choo တို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး သင်တန်းသားကျောင်းသူများကိုယ်စား သင်တန်းသူ ဒေါ် L. Nang Doi က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းသား သင်တန်းသူများ၊ ဧည့်ပရိသတ်များသည် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး နည်းစနစ်များဖြင့် လက်တွေ့သင်ယူပြသမှုများကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကို ရက်သတ္တ ခြောက်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန အမှတ်(၃)၊ Save the Children(UK), Save the Children(US)၊ ရင်သွေးငယ်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ Kachin Baptist Convention (KBC) နှင့် YMCA အသင်းတို့မှ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်သည် ဒီဇင်ဘာ ၁၂ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့်အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်သစ်ရွေးချယ်ပွဲ ညီလာခံသို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၁ရက်နံနက်တွင် ထိုင်းလေကြောင်းဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အဖွဲ့ချုပ်အမှုဆောင် ဒုတိယရဲမှူးကြီး ကိုကိုအောင်၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးမိုးဆန်းအောင်(ငြိမ်း)နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(က-ပ)**

## အာဆီယံတိုက်ဂါးဖလား အုပ်စု(က)ပွဲစဉ် အင်ဒိုနီးရှားက အိမ်ရှင်ဗီယက်နမ်ကိုအနိုင်ရရှိ

Tiger Cup
ASEAN FOOTBALL CHAMPIONSHIP 2004

**ရန်ကုန် ဒီဇင်ဘာ ၁၁**

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ သောင်နက်အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် လာအိုအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ လာအိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်း၌ ကမ္ဘောဒီးယားအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေသည်။ ဒုတိယပိုင်းတွင် လာအိုအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်းမှာပင် သုံးဂိုးအသာဖြင့်ဦးဆောင်ပြီး ဗီယက်နမ်အသင်းက ချေပဂိုးမသွင်းနိုင်၍ ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။

အုပ်စု(က)တွင် အင်ဒိုနီးရှားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်၊ စင်ကာပူအသင်းက နှစ်ပွဲသရေ နှစ်မှတ်၊ လာအိုအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး ကမ္ဘောဒီးယားအသင်းက နှစ်ပွဲရှုံး အမှတ်မရသေးဘဲရှိသည်။

**ယနေ့ပွဲ**

ဒီဇင်ဘာ ၁၂ရက် **(ယနေ့)** ညနေပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီ အားကစားကွင်း၌ အုပ်စု(ခ)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် အရှေ့တီမောအသင်းနှင့် ထိုင်းအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**


မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နိုင့်







နိုဝင်ဘာ ၂၅ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ကျိုက်သလ္လံစေတီတော်မြတ်၏ ပရိဂုဏ်အတွင်းဘက်စုံပြုပြင်ရန် အတွက် အလှူငွေ ပေးအပ်ပွဲကို ပဋ္ဌာန်း ဓမ္မာရုံ၌ ကျင်းပရာ အလှူရှင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးဒေါ်သန်းသန်းနွဲ့ မိသားစုတို့က ငွေကျပ် ၃၇၅၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံယူစဉ်။ (၁၆၈)

# ပြင်ဦးလွင်မြို့ စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက် ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၄ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တွင်းလမ်းများ သန့်ရှင်းရေးနှင့် မြေခင်း အလှပြုပြင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**စိုက်ပျိုးရန် မှာကြား**

ဆက်လက်၍ ပဒေသာမြို့သစ် ချယ်ရီလမ်းတွင် မြို့ရေပေးရေး ပိုက်လိုင်းဆက်သွယ်မှု၊ သီဂီလမ်းနှင့် နဝရတ်လမ်း ကတ္တရာခင်းမှု **(အောက်ပုံ)** နှင့် ပြင်ဦးလွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်တို့ကို ပျိုးဥယျာဉ်မှ ပန်းများမြို့တွင်း ရွှေ့ပြောင်းစိုက်ပျိုးပြီး ပျိုးပင်များ ထပ်မံစိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက စည်ပင် သာယာအဖွဲ့ပိုင် ယာဉ်ယန္တရားများ၊ အလုပ်သမားတန်းလျားနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။ **(နယ်စပ်/စည်ပင်)**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပျဉ်းမနား၌ ဆုချီးမြှင့်

**ပျဉ်းမနား ဒီဇင်ဘာ ၆**

ပျဉ်းမနား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးဆောင်းပါး ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မြို့နယ်သာသနာရေးမှူး ဦးတင့်အောင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ရှင်း(သုတကျော်-ပျဉ်းမနား)တို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်း(တင်ဝင်းနိုင်)က ပြိုင်ပွဲဝင် စာမူများရွေးချယ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပထမဆုရ ဦးသိန်းလွင်(သိန်းလွင် သ/မ)အား ကျပ်တစ်သောင်း၊ ဒုတိယဆုရ အောင်(ပျဉ်းမနား)နှင့် ဝင်းသိန်း(အင်းမြင့်သာယာ)တို့အား ကျပ်ခုနစ်ထောင်စီနှင့် တတိယဆုရ မြတ်မြတ်မိုး(ကျန်းမာရေး၊ ငြိမ်း)အား ကျပ်ငါးထောင် ပေးအပ်ချီးမြှင့်ပြီး အထူးဆု ၁၂ ဆုကို တစ်ဦးလျှင်ကျပ်သုံးထောင်စီ ပေးအပ်ချီးမြှင့်သည်။ ရပ်ဝေးမှ စာမူရှင်များ၏ဆုကို စာတိုက်မှ ငွေပို့လွှာနှင့် ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**



# လူထုအားကစားလ တောင်ကြီး၌ စုပေါင်းလမ်းလျှောက်

**တောင်ကြီး ဒီဇင်ဘာ ၈**

၂၀၀၄ ခုနှစ် ဒီဇင်ဘာလူထု အားကစားလ ပထမပတ် လူထုလမ်းလျှောက်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၅ နာရီက တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် ကျင်းပသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်ဥက္ကဋ္ဌဦးဇော်လွင်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့ပေါ် ရပ်ကွက် ၂၀ မှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ခြောက်ထောင်ကျော် ပါဝင်ဆင်နွှဲကြသည်။ **(အောက်ဝဲပုံ)**

ရှေးဦးစွာ စုရပ်ဖြစ်သော တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရှေ့မှ နံနက် ၅ နာရီတွင် စတင်တာလွှတ်ပြီး မြို့တောင်ဘက် စူဠာမုနိဘုရားကိုပတ်၍ မြို့လယ်သို့ပြန်ဝင်ကာ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ဒီဇင်ဘာ အားကစားလ ရက်သတ္တပတ်လေးပတ် စနေနေ့နံနက်တိုင်းလူထုလမ်းလျှောက်ပွဲကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့ အိုးဘိုကုန်းအခြေခံပညာအလယ်တန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ၊ ဘင်ခရာသင်တန်းဆင်းပွဲနှင့် ကျောင်းအဆင့်ကြက်ခြေနီသင်တန်းဆင်းပွဲတို့ကို နိုဝင်ဘာ၂၇ရက်က ကျင်းပရာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းထွန်းမြင့်သို့ အဆိုပြုလွှာများပေးအပ်စဉ်။** (က-ပ)




## e- Education Learning Centre

### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

### မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁၃-၁၂-၂၀၀၄ (တနင်္လာနေ့)**

- ❑ Electrophilic Addition To Unsaturated Carbon
  - တတိယနှစ်ဓာတုဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ်ဓာတုဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၄-၁၂-၂၀၀၄ (အင်္ဂါနေ့)**

- ❑ Drama Part˚(1˚)
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Drama Part (˚2˚)
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၅-၁၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

- ❑ Reported Speech
  - ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Communicative Skills
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၆-၁၂-၂၀၀၄ (ကြာသပတေးနေ့)**

- ❑ Economic Development Concept and Measurement
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Simple Linear Regression and Correlation
  - ပထမနှစ်စီးပွားရေးပညာအထူးပြုကျောင်းသား၊ ကျောင်းသူများ

**၁၇-၁၂-၂၀၀၄ (သောကြာနေ့)**

- ❑ Free Trade Versus Protectionism
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြုကျောင်းသား၊ ကျောင်းသူများ
- ❑ Theories of Consumer Behaviour
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

**နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၈-၁၂-၂၀၀၄ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

**၁၉-၁၂-၂၀၀၄ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ


# မော်လမြိုင်မြို့ အလက(၄)အာစရိယပူဇော်ပွဲ

**မော်လမြိုင် ဒီဇင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီတွင် အလက(၄)အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်သည်။

မော်လမြိုင် အလက(၄)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး၊ ဆရာ၊ ဆရာမများအားလုံး ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလက(၄)ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၅၇-၂၁၈၇၉၊ ရန်ကုန်မြို့ ဦးသက်လွင် ဖုန်း-၀၅၇-၇၁၀၃၃၃၊ မော်လမြိုင်မြို့ ဦးမျိုးဆန်း ဖုန်း-၀၅၇-၂၄၂၅၈၊၂၄၂၇၈၊ဒေါ်ခင်အေးမွန် ဖုန်း-၀၅၇- ၂၁၈၄၃နှင့်ဦးမင်းဇော် ဖုန်း-၀၅၇-၂၅၃၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာပိတ်သိမ်း နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေရန်၊ ဗုဒ္ဓဘာသာနိုင်ငံများတွင် မြတ်ဗုဒ္ဓဟောကြားခဲ့သည့် အဆုံးအမတော်များနှင့် မြတ်ဗုဒ္ဓလမ်းညွှန်ခဲ့သည့် ကျင့်စဉ်များကို ထိန်းသိမ်းထားရန်၊ ကမ္ဘာ့နိုင်ငံများတွင် ပိဋကတ်စာပေလေ့လာသင်ကြားခြင်းကိုအခြေပြုသည့် ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးထွန်းကားလာစေရန်၊ ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းသည့် ကမ္ဘာလောကကြီးဖော်ဆောင်ဖန်တီးနေခြင်းကို အထောက်အကူပြုရန်နှင့် မြတ်ဗုဒ္ဓ၏မူလအဆုံးအမတော်များ ကမ္ဘာတစ်ဝန်းတွင် ပြန့်ပွားလာစေရန် ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင် ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာ ပိတ်သိမ်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညိုပြီး ကျေးဇူးတင်စကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

## မြတ်ဗုဒ္ဓရဲ့ အဆုံးအမ

မြတ်ဗုဒ္ဓရဲ့ အဆုံးအမများဟာ လူသားတွေရဲ့ ပူလောင်စွာ ခံစားနေရတဲ့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများကို ကုစားနိုင်သကဲ့သို့ ကမ္ဘာပေါ်မှာ ကာယကံနှင့် ဝစီကံများ ယှဉ်ပြီး ဖြစ်ပေါ်နေတဲ့ အကြမ်းဖက် အနိုင်ကျင့်မှုတွေ၊ လက်နက်ကိုင် တိုက်ခိုက်နေကြတဲ့ စစ်ပွဲတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှုတွေ၊ ကြီးနိုင် ငယ်ညှဉ်းမှုတွေကိုလဲ အမှန်တကယ် လျှော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်။



ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမဟင်ဒါရာဂျာပက်(ခ်)စီနှင့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် "စိရံတိဋ္ဌတု လောကသ္မိံ သမ္မာသမ္ဗုဒ္ဓ သာသနံ၊ တသ္မိံ သဂါရဝါနိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော" သာသနာဆုတောင်းဂါထာကို ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ထည်ဝါခံ့ညားအောင်မြင်စွာ သမိုင်းဝင်ကျင်းပအောင်မြင် ၃၈ နိုင်ငံမှ ကိုယ်စားလှယ်သံဃာတော်များအပါအဝင် နေ့စဉ် ၂၀၀၀ ကျော်တက်ရောက်ခဲ့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရ၍ အလွန်ဝမ်းသာကုသိုလ်ပွား တက်ရောက်ခဲ့သည့်နိုင်ငံ့ခေါင်းဆောင်များ၊ဝန်ကြီးများ၊သံအမတ်ကြီးများကိုအထူးကျေးဇူးတင်

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင်ပြောကြားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ကျေးဇူးတင်စကား–**

**ကြွရောက်တော်မူလာကြတဲ့ သာသနာပိုင်ဆရာတော်ကြီးများနှင့် မဟာထေရ်မြတ်များဘုရား၊ နိုင်ငံခေါင်းဆောင်များ၊ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် သူတော်စင်လူကြီးမင်းများခင်ဗျား–**

ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ထည်ဝါခံ့ညား အောင်မြင်စွာ သမိုင်းဝင်ကျင်းပအောင်မြင်ခဲ့ပြီဖြစ်ပါတယ်။ ညီလာခံကြီးမှာ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ကိုယ်စားလှယ်သံဃာတော်များနှင့် လေ့လာသူဦးရေ ၆၀၀ ခန့်၊ မြန်မာရဟန်းသံဃာတော် ၆၀၀ ကျော်နှင့် သီလရှင်ဆရာကြီးများနှင့် လေ့လာကြည်ညိုသူ ပြည်သူများအပါအဝင် နေ့စဉ် အင်အား ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အကျဉ်းသား ၅၀၇၀ ပြစ်ဒဏ်ကျခံနေခြင်းမှရပ်စဲပေး

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကို မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်)တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။

အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်မကန်သော ဆောင်ရွက်မှုများ ပါဝင်နိုင်ကြောင်း သုံးသပ်ရရှိသည်။ ထို့ကြောင့် ယင်းမလျော်မကန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အကျဉ်းသား ၅၀၇၀ တို့အား ယနေ့မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့ (၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်)မှစ၍ ပြစ်ဒဏ်ကျခံနေခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ တတိယအကြိမ်အဖြစ် ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်သည်။ ယခင်စေလွှတ်ပေးခဲ့သော အကျဉ်းသား ၉၂၄၈ ဦး အပါအဝင် စုစုပေါင်း ၁၄၃၁၈ ဦး ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**